မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၅၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရေ၊ မြေသယံဇာတများကို အစွမ်းကုန်ဖော်ထုတ်အသုံးချ

တိုးတက်များပြားလာသည့် စိုက်ပျိုးမြေများတွင် ရာသီအလိုက် အချိန်ကိုက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်

နေပြည်တော် မတ် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား -

ယနေ့သည် တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသည့် တောင်သူလယ်သမားနေ့ ဖြစ်ပါသည်။ ဤကဲ့သို့သော ရက်မြတ်မင်္ဂလာတွင် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာစေရန် တည်ဆောက်လျက်ရှိပါသည်။

အလေးထားမြှင့်တင်

အဆိုပါရည်မှန်းချက် အောင်မြင်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားရေးသည် အခြေခံကျလျက်ရှိပါသည်။ အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် နိုင်ငံသားတို့၏ ပင်ရင်းလက်ငုတ်ဖြစ်သော လယ်ယာကဏ္ဍသည် အလေးထားမြှင့်တင်ရမည့် ကဏ္ဍဖြစ်ပေသည်။

ထို့ကြောင့် စိုက်ပျိုးရေးကိုအခြေခံလျက် အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အထူးအလေးထား ဆောင်ရွက်ခဲ့ပါသည်။

စက်မှုလယ်ယာစနစ်

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ၊ မြေသယံဇာတများကို အစွမ်းကုန်ဖော်ထုတ်အသုံးချ၍ စိုက်ပျိုးမြေတိုးချဲ့ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်စေရေးတို့ကို နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိပါသည်။ ထို့အပြင် မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းပညာများနှင့် မြေဩဇာများ အသုံးပြုလျက် စက်မှုလယ်ယာစနစ်ကိုပါ အားပေးကာ သီးနှံအထွက်နှုန်း တိုးတက်စေရန်နှင့် သီးနှံအရည်အသွေး မြင့်မားစေရန်လည်း နိုင်ငံတော်က စီမံပံ့ပိုးပေးလျက်ရှိပါသည်။

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ၍ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိပါသည်။

အကျိုးပြု

ထို့ကြောင့် ၁၉၈၈ခုနှစ်မှစ၍ ယခုအချိန်အထိ ဆည်တာတမံပေါင်း ၂၃၃ခုကို နိုင်ငံတော်ဘဏ္ဍာငွေကျပ် သန်းပေါင်း ၂၉၈၅၅၇ သုံးစွဲ၍ တည်ဆောက်ပေးခဲ့ပြီး လယ်ယာမြေဧက ၂ ဒသမ ၈ သန်းကျော်ကို အကျိုးပြုစေလျက်ရှိပါသည်။ ဆက်လက်၍ ဆည်တမံစီမံကိန်းပေါင်း ၃၀ ခုကိုလည်း တည်ဆောက်နေဆဲ ဖြစ်ပါသည်။

စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွင် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်းပေါင်း ၃၂၇ ခု ရှိလာခဲ့ပြီး တစ်ကွင်းတစ်စပ်တည်း လယ်ယာမြေဧက ငါးသိန်းခန့်ကို အကျိုးပြုလျက်ရှိနေပြီ ဖြစ်ပါသည်။ မြေအောက်ရေရရှိရေးအတွက် အဝီစိတွင်း ၈၂၅၃ခုနှင့် ကျေးလက်ဆည်ငယ်၊ ကန်ငယ် ၁၀၂၃ခု တို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

တင်းသန်း ၁၅၀၀

ယင်းသို့ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေရရှိရေးကို ဘက်ပေါင်းစုံမှကြံဆ၍ နိုင်ငံနှင့်အဝန်း စီမံဆောင်ရွက်ပေးခဲ့သဖြင့်လည်းကောင်း၊ ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုးစေခြင်းကြောင့်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာများအား လှေကားထစ် လယ်ယာများအဖြစ် ပြောင်းလဲဆောင်ရွက်သည့် ကုန်းမြင့်ဒေသ လယ်ယာမြေ ဖော်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့်လည်းကောင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခြင်းကြောင့်လည်းကောင်း၊ တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေကောင်းများ ဖြစ်ထွန်းလာပြီး သီးနှံစိုက်စွမ်းအားမှာ ၁၇၁ ရာခိုင်နှုန်းကျော်အထိ မြင့်မားလာသည့်နည်းတူ အသားတင်စိုက်ဧကမှာ ၃၄ သန်းခန့်အထိ တိုးတက်လာခဲ့ပြီဖြစ်ပါသည်။ ထို့အပြင် ၁၉၈၈ ခုနှစ်၌ တစ်နိုင်ငံလုံး စပါးအထွက် တင်းသန်း ၆၀၀ ကျော် ထွက်ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး စပါးအထွက် တင်းသန်း ၁၅၀၀ ခန့် ထွက်ရှိနေပြီ ဖြစ်ပါသည်။

ထိုသို့တိုးတက်များပြားလာသည့် စိုက်ပျိုးမြေများတွင် ရာသီအလိုက် အချိန်ကိုက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်လာသည်နှင့်အညီ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့က လယ်ယာသုံးစက်ကိရိယာများကို လိုအပ်ချက်ပြည့်မီသည်အထိ တိုးတက်ထုတ်လုပ်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ယှဉ်တွဲလျက် ကျေးလက်စီးပွား တိုးတက်ဖြစ်ထွန်းစေရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်၍ တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ကြောင့် ယခုအခါတွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ မြင့်မားစွာဖြင့် ပုံမှန်တိုးတက်လျက်ရှိနေပြီ ဖြစ်ပါသည်။

လွှဲပြောင်းပေးမည်

ထို့အပြင် ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နေပြီဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်များကို ခေါ်ယူကျင်းပလျက် ရှိနေပြီဖြစ်ပါသည်။ မကြာမီကာလတွင် ပြည်ထောင်စုလွှတ်တော်က ရွေးကောက်၊ အတည်ပြုပေးသော အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာတော့မည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူတို့ထံ လွှဲပြောင်းပေးမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အဓိကအင်အားထုကြီးတစ်ရပ်ဖြစ်သော တောင်သူလယ်သမားကြီးများကလည်း ပေါ်ပေါက်လာသော အစိုးရအဖွဲ့နှင့်အတူ နိုင်ငံတော်အား ဝိုင်းဝန်းတည်ဆောက်ကြပါရန် ချစ်ကြည်လေးစားစွာ ပန်ကြားအပ်ပါသည်။ ။

၂၀၁၁ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၂ ရက်)

လယ်ယာကုန်ထုတ်စွမ်းအား တိုးမြှင့်ထုတ်လုပ်ရေး တောင်သူလယ်သမားကြီးများ ကြိုးပမ်းအားထုတ်

၂၀၁၁ခုနှစ် မတ်လ ၂ရက်(ယနေ့)သည် မြန်မာ့တောင်သူလယ်သမားကြီးများ၏ စွမ်းအားကို ဂုဏ်ပြုသည့်နေ့ (တောင်သူလယ်သမားနေ့) ဖြစ်သည်။

ပြည်သူတို့၏ စားဝတ်နေရေးလိုအပ်ချက်များကို လယ်ယာစိုက်ပျိုး၍ လုပ်ကိုင်လာခဲ့ကြသည်မှာ ဘိုးစဉ်ဘောင်ဆက်ကပင်ဖြစ်သည်။ နိုင်ငံတော်၏ ရေ၊ မြေ သဘာဝအရင်းအမြစ်များကို ဖော်ထုတ်မြှင့်တင်၍ စိုက်ပျိုးမြေများတိုးချဲ့ရေးနှင့် သီးနှံစွမ်းအားတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံ၌ ယခင်က စပါးစိုက်ဧက ၁၁ ဒသမ ၈ သန်းကျော်ရှိရာမှ ယခုအခါ မိုးစပါးဧက ၁၆ သန်းကျော်နှင့် နွေစပါးဧက သုံးသန်းကျော် တိုးတက်စိုက်ပျိုးလာခဲ့သည်။ ယခင်က တစ်နှစ်ကို စပါးတင်း သန်း ၆၀၀ ကျော်ထွက်ရှိရာမှ ယခုအခါ စပါးတင်းသန်း ၁၅၀၀ ခန့် ထွက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံသည် ဆန်စပါးထုတ်လုပ်မှုမြင့်မားသည့်နိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တောင်သူလယ်သမားကြီးများ၏ ဘဝမြင့်မားရေးအတွက် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပညာရည်တိုးတက်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးနှင့် ကျေးလက်စီးပွားရေးကောင်းမွန်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်စေရေးအတွက် စိုက်ပျိုးမြေဧကများ ရှာဖွေတိုးချဲ့ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ဓာတ်မြေဩဇာရရှိရေး ဆောင်ရွက်ပေးခြင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန် စီမံပေးခြင်း၊ အဓိကသီးနှံ (၁၀)မျိုး သတ်မှတ်ကာ အဘက်ဘက်က အားပေးကူညီခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာကဏ္ဍသို့ ဦးတည်ကြိုးပမ်းလျက်ရှိရာ စွမ်းအားပြည့်ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားကြီးများအတွက် အချိန်ကုန်လူသက်သာပြီး လယ်ယာကုန်ထုတ်စွမ်းအားများ ပိုမိုတိုးမြှင့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မုံးစီးကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက မုံးစီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆရာဆရာမများအား တွေ့ဆုံအမှာစကားပြောကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မုံးစီးတိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေး၍ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မုံးစီးကျေးရွာ ဝေဠုဝန်ကျောင်းတိုက်အနီးရှိ မုံးစီးရေကန် သန့်ရှင်းသာယာလှပစေရေးတွက် ဆောင်ရွက်ရမည့် အခြေအနေများ၊ တာမိုးညဲ-မုံးစီး-တာပါးလမ်းတစ်လျှောက် လမ်းတိုးချဲ့ခြင်းနှင့် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လောက်ကိုင်-ကုန်းကြမ်း-မော်ထိုက်လမ်းအပိုင်း လမ်းဖောက်လုပ်ရေး စီမံကိန်းလမ်းတစ်လျှောက် လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်သာမြို့နယ် အမှတ်(၄၂) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ဆုရကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးညွန့်လွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ ဝါးခယ်မမြို့နယ်၌ ကျင်းပ

ဝါးခယ်မ မတ် ၁

ဝါးခယ်မမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်း တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက ရွှေခယ်သီရိအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးထွန်း၊ ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးအုံကျော်တို့က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထည့်ဝင်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ တွဲဖက်အတွင်းရေးမှူး ဦးရန်ပိုင်စိုးက မြို့နယ်ဂီတအစည်းအရုံး ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ကေတုဝင်းထွဋ်က ဝါးခယ်မမြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးအေးဝင်း၊ အတွင်းရေးမှူး ဦးကျော်နိုင်ပါ ခုနစ်ဦးအမည်စာရင်းကို ဖတ်ကြားသည်။ ဆက်လက်၍ ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌက အလှူငွေကျပ် ငါးသိန်း ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၁၃၉)

အလက(၉)အင်းစိန် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁

၁၉၆၅ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ အလက(၉) အင်းစိန်(ယခင်) စိန်ဂျော့တွင် ပညာသင်ကြားပို့ချပေးခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာဆရာမကြီးများအား ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများပြန်လည်တွေ့ဆုံပွဲကို ဧပြီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဆရာ ဦးမောင်မောင်ထွေး(ငြိမ်း)ဖုန်း-၀၉-၇၃၀-၃၅၇၆၆၊ ဦးစိန်မောင်မြ ဖုန်း-၀၉-၇၃၀-၁၂၈၃၇၊ ဦးတင်ထွန်း ဖုန်း-၀၉-၇၃၀-၄၃၃၂၄၊ ဦးခင်ချို ဖုန်း-၀၉-၅၁၃၃၁၀၂၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၀၁-၆၆၆၈၆၅၊ ဦးတင်ထွန်းဦး ဖုန်း-၀၉-၈၀၂၃၆၈၈၊ ဒေါ်အေးအေးချစ် ဖုန်း-၀၁-၆၆၅၁၅၉၊ ဦးကျော်လတ် ဖုန်း-၀၁-၆၃၅၈၃၅နှင့် ဒေါ်စီစီမာ ဖုန်း -၀၁-၆၄၃၈၇၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ် အေးရွာလေး ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းတို့ ရှင်းလင်းတင်ပြစဉ်။ (၁၈၃)

စာကြည့်တိုက်အဆောက်အအုံသစ် လှိုင်သာယာ၌ဖွင့်

ရန်ကုန် မတ် ၁

လှိုင်သာယာမြို့နယ် အပြင်ပဒံကျေးရွာ ရွှေလဝင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီက စာကြည့်တိုက်အနီးရှိ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးနှင့် အပြင်ပဒံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စံ(၅)ရပ်အကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ဦးစီးမှူးက ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ စာအုပ်များနှင့် ကျေးရွာအမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သီရိက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ဗီရိုတစ်လုံးလှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌက လည်းကောင်း၊ အလှူရှင် ကိုညီညီဦးက ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ စာအုပ်များကို လှူဒါန်းရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရွှေထူးက လည်းကောင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးအစဉ် သတိပြု

ရှင်းလင်းပြောကြား

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။

(သတင်းစဉ်)

❖ *ကျောဖုံးမှ*

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်များမှာ-

(၁) ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည်-

(က) နိုင်ငံတော်က ချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့်အချက်များ ပါဝင်ခြင်း ရှိ/မရှိ၊

(င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ၊

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများပါဝင်ခြင်း ရှိ/မရှိ၊

(ဇ) ဝန်ကြီးဌာန တစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ/မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ/မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ/မရှိ၊

(ည) သက်ဆိုင်ရာဥပဒေနှင့်စပ်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါရှိခြင်း ရှိ/မရှိ၊

(ဋ) ဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အခြေအနေ ရှိ/မရှိ၊

(ဌ) ဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ/မရှိ၊

(၂) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကက ဖွဲ့စည်းသော ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၃) ကော်မတီသည် ပြည်သူ့လွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

(၄) ကော်မတီသည် ဥပဒေကြမ်းများကို အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(ဂ) ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ပေးပို့ရမည်ဟူ၍ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ-

(၁) ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍-

(က) နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) ပြင်ဆင်ရန်အကြံပြုချက်များကို ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(၃) အပိုဒ် ၂ အရ ကော်မတီ၏ တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင်ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏သဘောတွင် အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။

(၄) ဥပဒေကြမ်းကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကို ပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုးတင်ပြနိုင်သည်။

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့်နေ့မှစ၍ ခုနစ်ရက်အတွင်း (ရုံးပိတ်ရက်များမပါ)ကော်မတီ၏ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(င) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(စ) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရမည်။

(၅) ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီအများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည် ဟူ၍ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ -

(၁) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည် ဟူ၍ဖြစ်သည်။

၄င်းနောက် ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် အစည်းအဝေးကို ပြန်လည်စတင်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နှင့် ၄၀ တို့အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ယနေ့တင်ပြသည့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်များမှာ -

(၁)	ဒေါ်နန်းဝါနု	ကွန်ဟိန်းမဲဆန္ဒနယ်
(၂)	ဦးသောင်း	မော်လိုက်မဲဆန္ဒနယ်
(၃)	ဦးဘရှိန်	ကျောက်ဖြူမဲဆန္ဒနယ်
(၄)	ဦးငွန်မောင်း	ဟားခါးမဲဆန္ဒနယ်
(၅)	ဒေါ်ဒွဲဘူ	အင်ဂျန်းယန်မဲဆန္ဒနယ်
(၆)	ဦးနန္ဒကျော်စွာ	ဒဂုံမဲဆန္ဒနယ်
(၇)	ဦးတီခွန်မြတ်	ကွတ်ခိုင်မဲဆန္ဒနယ်
(၈)	ဦးစောလှထွန်း	ချောင်းဦးမဲဆန္ဒနယ်
(၉)	ဦးခင်မောင်မြင့်	ဇီးကုန်းမဲဆန္ဒနယ်
(၁၀)	ဦးခင်မောင်ညို	ပေါက်မဲဆန္ဒနယ်
(၁၁)	ဦးခင်မောင်ရွှေ	တမူးမဲဆန္ဒနယ်
(၁၂)	ဦးစိုးရယ်	ဒီမောဆိုမဲဆန္ဒနယ်
(၁၃)	ဦးစတီဖန်	ကျိုင်းတုံမဲဆန္ဒနယ်
(၁၄)	ဦးသိန်းထွန်းဦး	အမရပူရမဲဆန္ဒနယ်
(၁၅)	ဒေါက်တာစိုးမိုးအောင်	ဘီးလင်းမဲဆန္ဒနယ်တို့ဖြစ်ကြပြီး

ကော်မတီဥက္ကဋ္ဌအဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

၄င်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ဥပဒေကြမ်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း ပြည်သူ့လွှတ်တော်သို့ အတည်ပြုချက်ရယူသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

၄င်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းပြောကြားရာ၌ လွှတ်တော်ကော်မတီများ၏ ဖွဲ့စည်းခြင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကို လွှတ်တော်က သတ်မှတ်ပေးပြီးဖြစ်ပါကြောင်း၊ အမှန်စင်စစ်

စာမျက်နှာ ၄ ကော်လံ ၁ သို့

စာမျက်နှာ ၃ မှ

မိမိတို့အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် လွှတ်တော်နှင့် လွှတ်တော်အတွင်း ဆောင်ရွက်ရမည့် အတွေ့အကြုံများ နုနယ်သေးပါကြောင်း။

တန်ဖိုးထား

သို့သော်လည်း အခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်အောင်လည်းကောင်း၊ မိမိတို့လေ့လာသိရှိထားသည့် ပြည်တွင်းပြည်ပ ဗဟုသုတများကို အခြေခံ၍လည်းကောင်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ထားပါကြောင်း၊ ကိုယ်စားလှယ်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွှတ်တော်အတွင်း ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ယုံကြည်ထားပါကြောင်း၊ ကိုယ်စားလှယ်များ၏ ပူးပေါင်းမှုကိုလည်း တန်ဖိုးထားလေးစားပါကြောင်း။

လက်တွဲပူးပေါင်း

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ကျန်သည့်ကော်မတီ (၃)ရပ်ကို တာဝန်ပေးရွေးချယ်ရာ၌ မိမိတို့အနေနှင့် အခြေခံထားစဉ်းစားသည့်အချက်များ ရှိပါကြောင်း၊ ၎င်းအချက်များမှာ ပညာအရည်အချင်း (တက်ရောက်အောင်မြင်ခဲ့သည့် ပညာရပ်)၊ လုပ်ငန်းအတွေ့အကြုံ၊ မဲဆန္ဒနယ်ဒေသ (တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသ)၊ လွှတ်တော်တွင်ပါဝင်သည့် ပါတီများနှင့် ကျား/မ စသည့်အချက်များကို လေ့လာပြီးမှ လျာထားတာဝန်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ခေတ္တရပ်နားချိန်၌ လျာထားတာဝန်ပေးခြင်းခံရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးရာ၌ ကိုယ်စားလှယ်များက မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများမရှိဘဲ နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်ထောင်စု၏ အကျိုးစီးပွားနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လုပ်ဆောင်ကြမည် ဖြစ်ပါကြောင်း၊ မိမိတို့အား စိစစ်ရွေးချယ်လျာထားချက်ကို လက်ခံပါကြောင်း၊ ဂုဏ်ယူပါကြောင်း၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားသွားမည်ဖြစ်ပါကြောင်း တညီတညွတ်တည်း ဆွေးနွေးတင်ပြကြသည့်အတွက် လွှတ်တော်အနေနှင့် ဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ ရှေ့ဆက်သွားမည့်ခရီးတွင်လည်း မိမိတို့လွှတ်တော်အနေနှင့် ယခုကဲ့သို့ပင် ယုံယုံကြည်ကြည်နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြပါရန် ထပ်မံတိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို မတ်လ ၃ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ကံထူးရှင်ရွေးချယ်

ရန်ကုန် မတ် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ (၂၆၆) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည် -

ကျပ်သိန်း ၁၀၀၀ ဆု

ဆ-၂၅၈၇၀၃

ကျပ်သိန်း ၅၀၀ ဆု

စ-၅၉၅၈၅၂

ကျပ်သိန်း ၃၀၀ ဆုများ

ဋ - ၈၁၈၃၀၃
ဗ - ၄၆၅၂၅၂

ကျပ်သိန်း ၂၀၀ ဆုများ

တ-၅၀၀၁၆၉ ဃ -၈၀၇၄၁၄
ဍ -၈၃၄၂၃၅ ဃ -၈၂၆၂၂၄

ကျပ်သိန်း ၁၀၀

(မင်္ဂလာစုံတွဲစနစ်)

ဆုမဲများ

ဃ-၁၉၀၀၀၃ ည -၉၅၃၅၀၁
ဈ -၈၃၇၂၇၂ ဂ -၆၈၅၈၄၈
တ-၄၈၀၅၂၇ ဒ -၇၈၃၀၂၅
ဘ-၈၉၁၇၀၄ ဃ -၂၆၀၆၇၄
ဘ-၁၉၅၈၀၆ င -၁၈၃၂၀၆
ဓ -၉၆၆၁၆၁ ထ -၅၆၀၇၈၄
ထ-၄၆၆၄၉၄ ပ -၃၃၂၁၈၅

ရန်ကုန်တိုင်းဒေသကြီး မိုးရာသီ ဘဏ်ချေးငွေရာနှုန်းပြည့် ပြေကျေစွာ ကောက်ခံရရှိပြီးဖြစ်

ရန်ကုန် မတ် ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရန်ကုန်တိုင်းဒေသကြီးလက်အောက်ရှိ မြို့နယ်ဘဏ်ခွဲ ၁၂ ခုမှ တောင်သူများသို့ မိုးစပါးစိုက်ပျိုးချိန်အမီ ထုတ်ချေးပေးခဲ့သော ဘဏ်ချေးငွေကျပ် ၁၉၆၅၆ ဒသမ ၆၄ သန်းကို သီးနှံပေါ်ချိန်မှစတင်၍ ပြန်လည်ကောက်ခံခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် တိုင်းလုံးကျွတ် ရာနှုန်းပြည့် ပြေကျေစွာ ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

(၆၆) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

၁၀-၁၅တန် ကုန်တင်ယာဉ် ထုတ်လုပ်မှုစီမံကိန်းအတွက် လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၁) အထွေထွေအကြီးစားစက်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Heavy Duty Truck Group Co.,Ltd. (CNHTC) (SINO TRUK Import & Export Co.,Ltd.) တို့ပူးပေါင်း၍ ၁၀-၁၅တန် ကုန်တင်ယာဉ်ထုတ်လုပ်မှုစီမံကိန်းအတွက် စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ကျော်နှင့် ဦးကျော်စွာခိုင်၊ ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ China National Heavy Duty Truck Group Co.,Ltd. (CNHTC) (SINO TRUK Import & Export Co.,Ltd.) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNHTC, Executive Director Mr. Wang Shanpo က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် ၁၀-၁၅တန် (၆×၂၊ ၆×၄၊ ၆×၆) ကုန်တင်ယာဉ်ထုတ်လုပ်မှုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းပညာလွှဲပြောင်းရယူနိုင်ရေးအတွက် စာချုပ်ကို အကြီးစားစက်မှုစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထိုက်နှင့် CNHTC, Executive Director Mr.Wang Shanpo တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ယနေ့ကျင်းပသော အခမ်းအနားသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဦးစားပေးဝယ်သူ့ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ ဖြင့် အမှတ်(၁) အထွေထွေအကြီးစား စက်မှုလုပ်ငန်းရှိ အမှတ်(၁၁) အထွေထွေအကြီးစား စက်ရုံ (ရန်ကုန်)၌ ၁၀-၁၅တန် TE-31 Utility Truck (Medium) များ ထုတ်လုပ်နိုင်ရေး နည်းပညာလွှဲပြောင်းမှုအတွက် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အသုံးပြုမည်

အဆိုပါစီမံကိန်းကို ၂၀၁၁ ခုနှစ်အတွင်းပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက ၁၀-၁၅တန် (၆×၄) အမျိုးအစား ကုန်တင်ယာဉ်၊ ရေသယ်ယာဉ်၊ ဆီသယ်ယာဉ်၊ မြေသယ်ယာဉ်၊ ကွန်ကရစ်ဖျော်သည့်ယာဉ်၊ ကတ္တရာဖျန်းယာဉ်၊ ကရိန်းတင်ယာဉ်နှင့် မီးသတ်ယာဉ်တို့ကို အဓိကထုတ်လုပ်သွားမည်ဖြစ်ပြီး အဆိုပါထုတ်လုပ်မည့် ယာဉ်များအတွက် လိုအပ်သော Engines & Transmission အပါအဝင် ယာဉ်ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်း အစိတ်အပိုင်းများကို ဝန်ကြီးဌာနရှိ စက်ရုံများက ထုတ်လုပ်သည့် စက်ပစ္စည်းများဖြင့် တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

2-3 (04).pmd 1 3/2/2011, 2:44 AM

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်း

ကော်မတီသည် အမျိုးသားလွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရမည်

ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်

နေပြည်တော် မတ် ၁

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ၎င်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂၂၄) ဦးရှိသည့်အနက် (၂၂၃) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၅ ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်များမှာ-

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

(၁) ကော်မတီသည် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည်-

- (က) နိုင်ငံတော်က ချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊
- (ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊
- (ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိ၊
- (ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့်အချက်များ ပါဝင်ခြင်း ရှိ/မရှိ၊
- (င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ၊
- (စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ၊
- (ဆ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ/မရှိ၊
- (ဇ) ဝန်ကြီးဌာနတစ်ခုနှင့် တစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ/မရှိ၊
- (ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရ ရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူ စာချုပ်များပါ မြန်မာနိုင်ငံက သဘောတူ လက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ/ မရှိနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ/မရှိ၊
- (ည) သက်ဆိုင်ရာ ဥပဒေနှင့် စပ်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါရှိခြင်း ရှိ/မရှိ၊
- (ဋ) ဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်တွေ့ အကောင်အထည်ဖော်နိုင်မည့်အခြေအနေ ရှိ/မရှိ၊
- (ဌ) ဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ/မရှိ၊

(၂) ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကက ဖွဲ့စည်းသော ဥပဒေကြမ်း ပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(၃) ကော်မတီသည် အမျိုးသားလွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရမည်။

(၄) ကော်မတီသည် ဥပဒေကြမ်းများကို အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်-

- (က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။
- (ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။
- (ဂ) ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကိုအသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ အမျိုးသားလွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်ဟူ၍ ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ-

(၁) ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၃ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍-

- (က) နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်ခွင့် ရှိသည်။
- (ခ) ပြည်သူများနှင့် သက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။
- (ဂ) ပြင်ဆင်ရန် အကြံပြုချက်များကို အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။
- (ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(၃) အပိုဒ် ၂အရ ကော်မတီ၏ တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင်ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင် အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။

(၄) ဥပဒေကြမ်းကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက-

- (က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကို ပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။
- (ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။
- (ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် သဘာပတိတာဝန် ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးက လက်မှတ်ရေးထိုးတင်ပြနိုင်သည်။
- (ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့်နေ့မှစ၍ ခုနစ်ရက်အတွင်း(ရုံးပိတ်ရက်များမပါ) ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

2-3 (05).pmd 1 3/2/2011, 2:44 AM

စာမျက်နှာ ၅ မှ

(င) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(စ) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရမည်။

(၅) ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ -

(၁) ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ဖြစ်သည်။

၄င်းနောက် ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နှင့် ၄၀ တို့အရ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ယနေ့တင်ပြသည့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များမှာ -

(၁)	ဦးမြညိမ်း	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)
(၂)	ဦးခက်ထိန်နန်	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)
(၃)	ဒေါ်နန်းနီနီအေး	ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)
(၄)	ဦးမန်းအောင်တင်မြင့်	ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)
(၅)	ဦးဆွန်ဒုတ်ကျင့်	ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)
(၆)	ဒေါက်တာလှသိန်း	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)
(၇)	ဦးသန်းမြင့်	တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)
(၈)	ဦးမြင့်ထွန်း	ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)
(၉)	ဦးစိုးမြင့်	မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)
(၁၀)	ဦးဇော်မြင့်ဖေ	မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)
(၁၁)	ဒေါက်တာမြတ်ဉာဏစိုး	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)
(၁၂)	ဦးတင်ယု	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)
(၁၃)	ဦးကျော်ထွန်းအောင်	ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)
(၁၄)	ဦးစံထွန်း	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)
(၁၅)	ဦးဆိုင်ပေါင်းနပ်	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)တို့

ဖြစ်ကြပြီး ကော်မတီ ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးစံထွန်းအားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အတည်ပြုကြေညာ

၄င်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်သို့ အတည်ပြုချက် ရယူသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတတိယနေ့ကို မတ်လ ၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရပ်နားသည်။

(သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၂ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၁၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၀ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၀၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၁၅ ၉။ International Science News
- ၅:၂၅ ၁၀။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၅ ၁၁။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၄၅ ၁၅။ ရွှေရင်ခုန်သံ
- ၇:၁၅ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၄၅ ၁၇။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ** (အပိုင်း-၁၅)
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၄၀)
- ၂၃။ မြန်မာဗီဒီယိုဇာတ်လမ်း **လရထားနှင့် ငွေကြိုးကြာ** ခန့်စည်သူ၊ နန္ဒာလှိုင် (ဒါရိုက်တာ-အောင်ညွှာ)

မြဝတီရုပ်မြင်သံကြား

၂-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ တရားတော်
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၅ ၄။ အဖွင့်သီချင်း
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၆။ လျှပ်တစ်ပြက်
- ၄:၃၅ ၇။ အမျိုးသားရေးတေးကဗျာ
- ၄:၄၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၅၀ ၉။ ရှေးဟောင်းသုတ
- ၅:၀၀ ၁၀။ ကြိုတင်တားဆီး ရန်သူမီး
- ၅:၂၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၄၃)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၅။ Mail Box
- ၆:၃၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာ မင်းသားလေး** (အပိုင်း-၂)
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၆၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဦးတည်ချက်(၁၂)ရပ်
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ ရယ်စရာ ပျော်စရာ ဟာသကမ္ဘာ **သဘာဝထဲက သံစဉ်** အပိုင်း-၂ (ဇာတ်သိမ်း) မိုးခန့်၊ ဝင်းနိုင်၊ ဇေရာ၊ ခင်လှိုင်၊ ကောင်းစံ၊ ဝက်မ၊ မိုးယုစံ၊ တက္ကသိုလ်ဌမ်းပုံနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၂၄။ Internet Website
- ၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန် ကျားတစ်ပြန်** (အပိုင်း-၁၆)
- ၂၇။ **ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**

ဂုဏ်ရှိန်မြင့်မား နိုင်ငံက လေးစားရသည့် ကျေးဇူးရှင်တောင်သူလယ်သမားဦးကြီးများ

လှိုင်ဘွား(ပါရမီ)

ကျယ်ပြောလှသော လယ်ကွင်းပြင်ကြီးအပြည့် မျက်စိတစ်ဆုံးမြင်တွေ့နေရသော နှမ်းစပါးစိုက်ခင်းများက အရှေ့ရိုးမတောင်တန်းကြီးကို ကျော်လွန်ဖြာကျလာသော နံနက်ခင်းနေရောင်ခြည်အောက်တွင် ရွှေရောင်တောက်ပ ကြည့်လို့မဝနိုင်အောင် ဖြစ်နေရတော့သည်။ မန္တလေးသို့ မရောက်တာကြာ၍ ဆွေမျိုးတစ်စု စိတ်မခုစေဖို့အရေး လုပ်ငန်းအားလပ်ရက်အတွင်း ရန်ကုန်မှ အပြေးကလေးထွက်ခဲ့ရရာ ဤလမ်း ဤခရီး၏ သာယာပုံကို ပြန်လည်ထိတွေ့ရတော့သည်။ ချောမွေ့ညက်ညောလှသော ကတ္တရာ လမ်းမကြီးက ဖြောင့်စင်းသန့်ရှင်းနေပေရာ လမ်းဘေးဝဲယာရှိ စိမ်းစိုကြွရွနေသော စိုက်ခင်းပျိုးခင်းတို့၏အလှကို ကတ္တရာလမ်းမကြီးက နှုတ်ခမ်းသပ် ပေါင်ခတ်ထားသကဲ့သို့ပင်။ ဤနေရာတို့ကို ယခင်က အကြိမ်များစွာ ဖြတ်သန်းဖူးပါသော်လည်း တစ်ကြိမ်တစ်ခါမျှ မြေဗလာဖြစ်သည်ကို မတွေ့ရ၊ ပင်ထောင်ရွက်စိမ်းတို့ဖြင့် အမြဲတမ်း ပဏာရနေသည်သာ ဖြစ်သည်။ ဤမျှပြောင်းလဲခဲ့သည်ကိုလည်း အံ့သြတကြီး ဖြစ်ပြီးရင်းဖြစ်ရင်း စိုက်ခင်းပျိုးခင်းတို့ကလည်း တရွေ့ရွေ့တိုးတက်များပြားလာခဲ့တော့သည်။

ဟိုတစ်ချိန်တုန်းကတော့ ဤသို့သော လယ်ကွင်းပြင်တို့မှာ ဤလိုနွေစပ်စပ် ကာလများ၌ ရိုးပြတ်တို့မင်းမူ၊ နေပူတံလျှပ်တို့ ဆော့ကစား၊ သုံးစားမရသော မြေဗလာတို့သာတည်း။ လယ်ကွင်းမြေခြောက်ထဲမှာ ဥသဘကြီးတို့ ဖြန့်ကြဲထားသော နွားချေး မစိုမခြောက်တို့ကို သီးနှံစိုက်ပျိုးရေးအတွက် မြေဩဇာအလို့ငှာ ကောက်ယူဖို့အရေး ဖခင်ကဖိအားပေးလာသဖြင့် တောင်းအခွံကို ညီအစ်ကိုနှစ်ယောက်သား တစ်ယောက်တစ်ခွန်ဆွဲလျက် ခြေရာဖြန့်ခဲ့ဖူးသည်။ ထိုအချိန်များကမူ ဤသော လယ်ကွင်းတို့အတွင်း နွားချေးနှင့်ရိုးပြတ်တို့မှအပ တန်ဖိုးရစရာ ဘာမျှမမြင်ခဲ့ဖူးပါပေ။ နွားချေးမြေဩဇာပါမှ သီးနှံလှပါသည်ဟု ယုံကြည်ချက်ပြင်းပြလှသော ဖခင်ရှိသေးလျှင်မူ နွားချေးခြောက်တို့အစား ဝံ့စားစွာ နေရာယူလာသော ဤစိုက်ခင်းစိမ်းစိမ်းတို့ကို မည်သို့ယူဆလေမည်မသိ။ တွေးရင်းနှင့် ပြုံးမိတော့သည်။

ယခုကား နိုင်ငံတော်အစိုးရက တောင်သူလယ်သမားကြီးတို့၏ လုပ်ငန်းခွင်ကာလများ တိုးချဲ့နိုင်ရန်နှင့် နိုင်ငံတော်ဝမ်းကို ပိုမိုဖြည့်စွမ်းပေးနိုင်ရန်အတွက် ကွင်းခြောက်တို့ဆီ ရေရောက်သည်အထိ ဆောင်ရွက်ပေးခဲ့ပေပြီ။ ရေမရှိ၍ တစ်ချိန်က ထိုင်ကြည့်နေခဲ့ရသော လယ်ကွင်းပြင်တို့ကား ရေတဖွားဖွားနှင့် ဝါသနာပါလျှင် ကြိုက်သည့်အပင် စိုက်ချင်ရာစိုက်နိုင်လောက်အောင် စိုပြည်ခဲ့ပေပြီ။ မိုးစပါးရိတ်သိမ်းပြီးသည်နှင့် တစ်နိုင်ငံလုံးနီးပါး လယ်သမားကြီးတို့ နောက်တစ်ကြိမ် မိုးရောက်လာဖို့အရေးကိုမျှော်ရင်း ဆင်းရဲတွင်းနက်ခဲ့ရသော တစ်ချိန်ကကာလများကား အဆုံးသတ်ခဲ့ပေပြီ။ ဤလိုဖြစ်ပေါ်လာဖို့အရေး အလွယ်လေးဖြစ်လာခဲ့သည်တော့မဟုတ်၊ နိုင်ငံတော်အစိုးရက ဦးစားပေးလုပ်ငန်းရပ်အဖြစ် သတ်မှတ်ကာ ၁၉၈၈ ခုနှစ်နောက်ပိုင်း ဆည်တမံပေါင်း ၂၃၃ ခုကို နိုင်ငံတော်ဘဏ္ဍာ ငွေကျပ်သန်းပေါင်း ၂၉၈၅၅၇ ကျော် သုံးစွဲဆောင်ရွက်ခဲ့ရသည်။ ဤမည်သော အံ့ဘနန်းဆောင်ရွက်မှု၏ အကျိုးသက်ရောက်မှုက လယ်ယာ မြေဧက ၂ ဒသမ ၈ သန်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး ထိုထက်ပို၍ ထိရောက်စေဖို့အတွက်လည်း ဆည်တမံစီမံကိန်းပေါင်း ၃၀ ကို တည်ဆောက်နေဆဲဖြစ်ပေသည်။

ဤမျှသာမကသေး၊ တောတောင်တို့နှင့်ဝေးရာ မြေပြန့်သဘာဝဒေသတို့တွင်လည်း မြစ်ရှိလျှင် မြစ်ရေတင်၊ မြစ်မမြင်သည့် အဆင်ပြေမည့် နေရာတွင်လည်း မြေထဲမှ ရေကိုသုံးစွဲနိုင်ရေးအတွက် အဝီစိတွင်းဆင်ပေးလျက် စိုက်ပျိုးရေရရှိရေး ကြံစည်ဆောင်ရွက်ပေးခဲ့ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြစ်ရေတင်စီမံကိန်းပေါင်း ၃၂၇ ခု အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လယ်ယာမြေဧကပေါင်း ငါးသိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပေသည်။ ထို့အတူ မြေအောက်ရေစီမံကိန်း ၈၂၅၃ ခုမှ လယ်ယာမြေဧက တစ်သိန်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။ တောတောင်လျှိုမြောင်တို့သည်လည်းကောင်း၊ မြစ်တို့သည်လည်းကောင်း၊ မြေအောက်ရေတို့သည်လည်းကောင်း သမိုင်းမတင်မီကတည်းက တည်ရှိနေခဲ့ကြသည်ဖြစ်သော်လည်း လျှိုကိုပိတ်လှောင်၊ မြစ်ရေနှင့်မြေအောက်ရေကို စုပ်တင်ယူဆောင်ကာ ယင်းတို့မှရလာသည့်ရေကို တောင်သူလယ်သမားကြီးတို့ ရရှိသုံးစွဲနိုင်ဖို့အရေးသည်ကား မသိသူကျော်သွား သိသူဖော်စားဆိုသကဲ့သို့ပင်။ စေတနာအရင်းခံဖြင့် တောင်သူလယ်သမားကြီးတို့အတွက် ပူပန်လျက် ဆောင်ရွက်ပေးသူတို့လက်မှာ ပုန်းကွယ်၍မနေသာ ထွက်ပေါ်လာခဲ့ရပေတော့သည်။ ဤသို့လျှင် မြေမြင့် မြေနိမ့်မဟူ ရှိသမျှမြေ စိုက်ပျိုးနိုင်ရေးစီမံပေးခြင်း၊ မြေဆီဆုံးရှုံး ကျတ်တီးကုန်း မဖြစ်စေရေးအတွက် ရွှေ့ပြောင်းတောင်ယာတို့ကို လှေကားထစ်လယ်ယာများအဖြစ် ပြောင်းလဲဖော်ဆောင်ပေးခြင်းတို့ကြောင့်ပင် အသားတင်စိုက် ဧကမှာ ၃၄ သန်းအထိ တိုးတက်လာခဲ့ပြီး စပါးအထွက်တင်းသန်းပေါင်း ၁၅၀၀ ခန့်ထိ တိုးတက်ဖြစ်ပေါ်ခဲ့ပေပြီ။

ထိုမှ ဖြတ်သန်းလာပြန်တော့ မြေပြန့်လွင်ပြင်ကျယ်ကြီးထဲတွင် မြစိမ်းကမ္ဗလာ ဆင်ယင်ထားဘိသကဲ့သို့ဖြစ်နေသော မတ်ပဲစိုက်ခင်းကြီးကို တွေ့ရပြန်သည်။ စားဖွယ်ရာသီးနှံမျိုးစုံ စိုက်ပျိုးနိုင်သော ဤမြေပေါ်တွင် နိုင်ငံတော်ဝမ်းစာအတွက် ကြိုးပမ်းစိုက်ပျိုးကြပါသော တောင်သူလယ်သမားကြီးတို့နှင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်ရခြင်းကား သဘာဝကပေးသော ဆုလာဘ်တစ်ခုသာတည်း။ မြင်ရုံမျှနှင့် မတင်းတိမ်နိုင်သောဆန္ဒကြောင့် မေးမြန်းတီးခေါက်ပြန်ရာ နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သော ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲစိုက်ပျိုးမှု၊ ထွက်ရှိမှုတို့အကြောင်း သိရပြန်သည်။ ပဲမျိုးစုံစိုက်ပျိုးနိုင်မှုမှာ ယခင်က ဧကပေါင်း ၁ ဒသမ ၈ သန်းသာရှိခဲ့ရာမှ နိုင်ငံတော်အစိုးရမှ စိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်း မျိုးသန့်များ၊ မြေဩဇာများ စသည်တို့ ပံ့ပိုးဆောင်ရွက်ပေးမှုနှင့် ဈေးကွက်အခွင့်အလမ်း ပိုမိုရရှိလာမှုတို့ကြောင့် ယခုအခါ ဧကပေါင်း ၁၁ သန်းကျော်အထိ တိုးမြှင့်လာနိုင်ပေပြီ။ စိုက်ဧကပေါင်း ၁၀ သန်းကျော် တိုးပွားလာမှုအတိုင်းအတာ၏ အောင်မြင်မှုပမာဏကို ကျွမ်းကျင်သူ မဆိုထားဘိ သာမန်ဗဟုသုတရှိသူများပင် ခန့်မှန်းတွက်ဆနိုင်ကြပေမည်။ တောင်သူဦးကြီးများထဲတွင်လည်း ပဲဖြင့် ကားဝယ်သူ၊ ဆိုင်ကယ်ဝယ်သူ၊ ပဲဖြင့် အိမ်ဆောက်သူတို့ အလျှိုအလျှို ပေါ်လာခဲ့ပေပြီ။ လူမနား၊ မြေမအား၊ ငွေမရှားဆိုသည်ကား ဦးကြီးတို့အတွက် သီးသန့်ဖြစ်ပေါ်လာသော ဆောင်ပုဒ်ပင် ဖြစ်ရပေတော့သည်။ တစ်ဧကအထွက်နှုန်းတို့တွင်လည်း မြေပဲက ၅၂ တင်းကျော်၊ ပဲစင်းငုံက ၁၇ တင်းနီးပါး၊ ပဲတီစိမ်းက ၁၅ တင်းနီးပါး၊ မတ်ပဲက တင်း ၂၀ ကျော် ဖြစ်လာခဲ့ပေပြီ။

ပဲခင်းတို့ ကျော်လာပြန်တော့ လမ်းဘေးတစ်လျှောက် လေယူရာယိမ်းနွဲ့လျက် ထူပိန်းပွတ်ခဲစွာ အောင်မြင်ဖြစ်ထွန်းနေသော ကြံစိုက်ခင်းများကို တွေ့ရပြန်သည်။ စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်သည့် ကြံစိုက်ပျိုးမှုလုပ်ငန်းကား အဆင့်မြင့်မျိုးကောင်း မျိုးသန့်များ အသုံးချလာနိုင်သည့်နည်းတူ ယခင်က စိုက်ဧကတစ်သိန်းနှစ်သောင်းကျော်သာ ရှိခဲ့ရာမှ ယခုအခါ စိုက်ဧကပေါင်း သုံးသိန်းခုနစ်သောင်းကျော်သည်အထိ ဖြစ်လာခဲ့ရာ ပြင်ပ သကြားများထက် အချိုဓာတ်ပြင်းသည့် မြန်မာ့သကြားစစ်စစ်ကိုသာ သုံးလိုသည့် ကျွန်တော်တို့လို အချိုကြိုက်ပရိသတ်များအတွက် တောင်သူဦးကြီးတို့၏ လက်ဆောင်ပန်းခင်းကြီးတစ်ခုသဖွယ်သာ မြင်ယောင်မိတော့သည်။

ဆက်သွားပြန်တော့ လမ်းဘေးတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော ငရုတ်ခင်းများနှင့်အတူ သီးညှပ်စိုက်ထားသောနေကြာခင်းများကို တွေ့ရပြန်သည်။ ဤလိုအညာဒေသများတွင် တစ်ချိန်က ပူလောင်ပြင်းပြလျက် ကန္တာရဆူးပင်များသာ ကြီးစိုးနေခဲ့ရာမှ နိုင်ငံတော်၏ပံ့ပိုးမှု၊ တောင်သူလယ်သမားဦးကြီးများ၏ မိမိအကျိုးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီဆောင်ရွက်နိုင်မှုတို့ကြောင့် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ဧကတို့သည်လည်း ယခင်က ငါးသန်းကျော်သာရှိခဲ့ရာမှ ယခုအခါ ၈ ဒသမ ၆ သန်းကျော်သည်အထိ တိုးတက်လာခဲ့ပေပြီ။ နိုင်ငံတော်၏ အားပေးမြေတောင်မြှောက်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူဦးကြီးတို့ကျေးဇူးကြောင့် စိုက်ပျိုးမြေနည်းပါးသော ဒေသအချို့တို့မှအပ ဆီထွက်သီးနှံထွက်ရှိမှုကား အားရဖွယ်ရာကောင်းလောက်အောင် တိုးတက်ဖြစ်ထွန်းခဲ့ပေရာ တစ်နိုင်ငံလုံး ပျမ်းမျှဆီဖူလုံမှုမှာ ၁၆၀ ရာနှုန်းဖြစ်ပေသည်။ ကျန်းမာရေးအတွက်သာ မငဲ့ကွက်ပါက ဆီကိုရေချိုး ဆေးရိုးကို မီးလှူဆိုသည့်အတိုင်း ပေါလျှံကြွယ်ဝစွာ သုံးဖြစ်ကြပေလိမ့်မည်။

ထို့နောက်မှာတော့ ဝါစိုက်ခင်းများကို ဖြတ်သန်းရပြန်သည်။ တောင်သူတို့ ပြောစကားအရ ယခင်က ပျမ်းမျှဝါတစ်ဧကအထွက်နှုန်း ပိဿာ ၂၀၀ ကျော်သာရှိခဲ့ရာမှ ချည်မျှင်ရှည်ဝါအမျိုးအစား တစ်မျိုးဖြစ်သော ငွေချည်-၆ ဝါမျိုးကို ပြောင်းလဲ စိုက်ပျိုးချိန်မှစ၍ ပျမ်းမျှ တစ်ဧက အထွက်နှုန်း ပိဿာ ၅၀၀ နီးပါးအထိ တိုးတက်ခဲ့ကြောင်း သိရပေသည်။ ထိုထွက်ရှိသည့် ဝါများကိုလည်း အမှတ်(၁) စက်မှုဝန်ကြီးဌာနက ဈေးကောင်းပေးဝယ်ယူနေကြောင်းသိရရာ ဝါစိုက်တောင်သူတို့အဖို့ အနာဂတ်ခိုင်ဖို့သာ ရှိတော့ပေသည်။ ထိုနည်းတူ ပြောင်းစိုက်ပျိုးမှုအပါအဝင် အရေးကြီးသီးနှံ ၂၈ မျိုးစလုံး အထွက်နှုန်းတို့ကောင်းကြပေရာ ရာသီဥတုမဖျက်၊ အနိုင်ကျင့်သူ နိုင်ငံကြီးများ၏ ပိတ်ဆို့ရေး မစွက်ပါမူ မည်သည့်အချက်ကမျှ မြန်မာတောင်သူတို့ တိုးတက်ရေးကို ဟန့်တားနိုင်စရာ မမြင်တော့ပါချေ။

စိုက်ပျိုးရေးကို အခြေခံလျက် အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က အထူးအလေးထားဆောင်ရွက်ခဲ့ရာ လယ်ယာကဏ္ဍကို အခြေခံအုတ်မြစ်အဖြစ် ကျစ်လျစ်တောင့်တင်းအောင် ဆောင်ရွက်ခဲ့ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် မိမိပြည်တွင်း ကျွမ်းကျင်သူများ၏ တတ်ကျွမ်းနားလည်မှုကို အခြေခံလျက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အကူအညီဖြင့် မှန်ကန်သော လယ်ယာစိုက်ပျိုးမှုကျင့်စဉ် GAP၊ ဘက်စုံပိုးမွှားကာကွယ်ရေး (IPM)၊ မှန်ကန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP) စံနှုန်းများဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးပွဲများကိုလည်း အလေးတယူ ကျင်းပခဲ့သည်။ ထိုသို့ဆောင်ရွက်ရင်း တောင်သူလယ်သမားတို့ဘဝသည်လည်း ရေမြင့် ကြာတင့်ဆိုသကဲ့သို့ မြင့်မားတိုးတက်ခဲ့သည်ထင့်၊ လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းခဲ့ရာ မြို့ရွာများသည်လည်း ကျွန်တော်တို့ ငယ်စဉ်က မြင်တွေ့ခဲ့ဖူးသလို ထရံကြိုထရံကြား အိမ်သေးအိမ်မွှားတို့ ကင်းပကာ အနည်းဆုံးသပ်ရပ်သော သုံးပင်နှစ်ခန်းအိမ်အထိသာ တွေ့ရတော့သည်။ ယခင်အတော်ဝေးခဲ့သော ကာလများဆီက စက်ဘီးပင် အနိုင်နိုင်အခြေအနေမှ ယခုမူ အိမ်တိုင်းစေ့နီးပါး ဆိုင်ကယ်များပိုင်ဆိုင်လာကြပြီး လမ်းတစ်လျှောက် ဆိုင်ကယ်တို့ ပျားပန်းခပ်မျှ လူးလာ ကူးသန်းနေကြရာ ကားကိုပင် သတိထားမောင်းနှင်ရလောက်အောင် ဖြစ်တော့သည်။ ထို့မျှမက တတုတ်တုတ် အင်ဂျင်ခုတ်သံဖြင့် လှုပ်ရှားသွားလာနေသော လက်တွန်းထွန်စက်တို့ပေါ်မှ ဆေးပေါ့လိပ်ခဲထားသူဦးကြီးတို့ အပြုံးကလည်း လယ်သမားဘဝအတွက် အလုံးစုံအားတက်စရာပင်။ တောင်သူလယ်သမားတို့ဘဝသည်ကား ရေးကမူ မြို့နှင့် လူနေမှုချင်း ကွာခြားလှသဖြင့် မြို့ရောက်ခြင်းသည်ပင် လာဘ်တစ်ပါးအသွင် ဖြစ်ခဲ့သည်။ ယခုမူကား မြို့နှင့်မခြားအဆင့်တူသွားခဲ့ပြီဖြစ်ရာ နိုင်ငံတော်က ရည်မှန်းထားသည်တို့ တိုးလျှိုပေါက် အောင်မြင်ခဲ့ပြီဖြစ်သည်။

တောင်သူဦးကြီးတို့ ပညာရဖို့အရေးတွင်လည်း ကျေးရွာတိုင်းစာကြည့်တိုက်ရှိရမည်ဟူသော ပြန်ကြားရေးဝန်ကြီးဌာန၏စီမံချက် အောင်မြင်မှုကြောင့် တောင်သူလယ်သမားတို့အကြား စာစကား ပေစကားတို့ လှုပ်ရှားလူးလွန့်ခဲ့ပေပြီ။ စိုက်ပျိုးရေး နည်းပညာတို့ကို အခြားသူပြောမှ ကြားရမည့်အစား ကိုယ်တိုင်လေ့လာ သုံးသပ်နိုင်ကြပေပြီ။ ကောင်းရာကိုရွေး၍ အချင်းချင်းဆွေးနွေးဖလှယ်နိုင်ကြပေပြီ။ ထို့အတူ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများနှင့် MRTV-4 ၏ DTH စနစ်ကြောင့်လည်း ဝေးလံခေါင်သီသောဒေသမှ တောင်သူဦးကြီးတို့လည်း ရုပ်သံအစီအစဉ်မကြည့်ရမရှိ ဖြစ်ခဲ့ပေပြီ။ တစ်ချိန်က ရွာလယ်ကောင်အိမ်တစ်လုံးတွင် လူအများစုရုံး၍ TV တစ်လုံးကို ဝိုင်းအုံပြုံတိုး ဆင့်ကျိုးကျရသော အခြေအနေမှ ယခုတော့ ကိုယ်စီကိုယ်င TV ပိုင်ဆိုင်ခဲ့ကြပြီဖြစ်သလို ရှေးယခင်ကာလများဆီက ရေနံဆီမီးခွက်တို့လက်ချက်ကြောင့် မှိုင်းတက်ခဲ့ရသော အိမ်အမိုးထုပ်တန်းများကား အသေးစားရေအားလျှပ်စစ်နှင့် ဒီဇယ်အင်ဂျင်မှရသော လျှပ်စစ်ဓာတ်အားတို့ကြောင့် မှိုင်းတို့ ပျောက်ကင်းသန့်ရှင်းလှပခဲ့ပေပြီ။ ရှေ့လာမည့် ကာလများတွင် ပင်မဓာတ်အားလိုင်းရောက်ရန်ခက်သောဒေသများအတွက် Solar System သုံး လျှပ်စစ်ဓာတ်အားစနစ်ကလည်း အသုံးတော်ခံပေဦးမည်။

မြန်မာနိုင်ငံကား လယ်ယာကိုအခြေခံသော နိုင်ငံဖြစ်သည့်အားလျော်စွာ တောင်သူလယ်သမားတို့ ဘဝအခြေက နိုင်ငံတော်၏ သရုပ်ကို ထင်ရှားစွာ ဖော်ကျူးနေပေသည်။ မည်သည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းနှင့် မည်သည့်ကိုလိုနီလက်သစ်တို့က မည်သို့စွပ်စွဲနှိမ့်ချသည်ဖြစ်စေ အမှန်တကယ် ပေါ်ထွက်နေသော တောင်သူလယ်သမားတို့ဘဝရုပ်သွင် ကြည်လင်မှုက ယခင်နှင့်မတူသည့်အခြေကို ပြသပေလိမ့်မည်။ ထို့မျှမက ပြည်သူက ရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ကျင်းပလျက်ရှိသည့် လွှတ်တော်ကြီးမှလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားသည့်အတိုင်း ကျေးဇူးရှင်တောင်သူလယ်သမားကြီးတို့အတွက် ဆက်လက် ဆောင်ရွက်ပေးဦးမည်ဖြစ်သည်။

ကျွန်တော်တို့ စီးနင်းလာသောယာဉ်က မန္တလေးမြို့ကို လှမ်းမြင်ရသည်အထိ နီးကပ်ခဲ့ပေပြီ။ ဤပတ်ဝန်းကျင်တွင်လည်း နွေစပါးရိတ်သိမ်းဆဲနှင့် ရင့်မှည့်ဆဲလယ်ကွင်းတို့က နေရာယူထားကြပြန်သည်။ မြန်မာနိုင်ငံတောင်မှမြောက် တောက်လျှောက်ဖြတ်သန်းခဲ့ရာတွင် ကျေးဇူးရှင်တောင်သူလယ်သမားကြီးတို့၏ ကြိုးပမ်းမှုအသီးအပွင့်ဖြစ်သည့် အောင်မြင်နေသော စိုက်ခင်းပျိုးခင်းများက အမြင်အာရုံတွင် ပြွတ်လပ်သည်မရှိပေ။ အမျိုးအမည်သာ ပြောင်းသွားသော်လည်း စိမ်းမြ ယိမ်းကနေသည်တို့ကတော့ မပြောင်းလဲ။ တသွင်သွင်စီးဆင်းနေသော ရေနုတ်မြောင်းများမှ ရေတို့ကလည်း အမောပြေခပ်၍ သောက်ချင်စရာ စိမ်းလဲ့ကြည်ပြာ ရပ်တန့်ဖွယ်ရာမရှိနိုင်လောက်အောင်ပင်။ ရေရှိသည်၊ မြေရှိသည်၊ နိုင်ငံတော်က အားထားရသည့် ကျေးဇူးရှင်တောင်သူလယ်သမားကြီးတို့ရှိသည်။ ဤအခြေခံကောင်းကို အဆင့်မြင့်စိုက်ပျိုးနည်းပညာနှင့် စက်မှုနည်းပညာပေါင်းလိုက်ပါက ပြိုင်လာကြသူ အလေးမှုရလောက်အောင် ထိပ်တန်းရောက်ပေလိမ့်မည်။ တောင်သူလယ်သမားနေ့တို့သည်လည်း တစ်နှစ်ပြီးတစ်နှစ် ဂုဏ်အင်တိုးတက် အမျိုးအတွက် မျက်နှာပွင့်လန်းစေလိမ့်မည်ဖြစ်ကြောင်းပါခင်ဗျား။ ။

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပ

ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတို့တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေနှင့် အမည်စာရင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၌တင်ပြ

နေပြည်တော် မတ် ၁

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပကြသည်။

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုပါ အစည်းအဝေးများတွင် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတို့က ဥပဒေပြုရေးဆိုင်ရာ ကော်မတီနှင့် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီတို့တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေနှင့် အမည်စာရင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် နှင့် ပြည်နယ်လွှတ်တော် အသီးသီး၌ တင်ပြကြကြောင်း သိရှိရသည်။

ကချင်ပြည်နယ်

ကချင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၉)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဖားကန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအန်ဖရောင်းဂမ်၊ အတွင်းရေးမှူး အဖြစ် နောင်မွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးချန်တန်ခင်၊ အဖွဲ့ဝင် များအဖြစ် မိုးကောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးနွယ်၊ ချီဖွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇခုန်ယိန်းဆောင်၊ မိုးမောက် မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမျိုးအောင်၊ မံစီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးထွန်းကြိုင်၊ ခေါင်လံဖူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဒိန်ခန်ဒါဝိ၊ မချမ်းဘောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထိန်မောင်တူးနှင့် ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထောလွမ်းတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ်လွှတ် တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ် လွှတ်တော် တိုင်းရင်းသားလူမျိုး များ အရေးဆိုင်ရာကော်မတီကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့်ပုဂ္ဂိုလ်များ၏ အမည် စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် မိုးကောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကျော်မြင့်၊ အတွင်းရေးမှူး အဖြစ် မိုးမောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဆွတ်နောင်၊ အဖွဲ့ဝင်များအဖြစ် မိုးညှင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီလေး၊ ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးထွန်းရှိန်၊ ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမြအောင်၊ တနိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးကွမ်ဆောင်းဆမ်အောန်၊ နောင်မွန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမဘုဒဂုဏ်၊ ရွှေကူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးပါကြွယ် နှင့် ဆော့လော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးယောနာတို့ ဖြစ် ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ် လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကယားပြည်နယ်

ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂)ဦးနှင့် သင့်လျော် သည့် နိုင်ငံသား (၅)ဦး၊ စုစုပေါင်း (၇)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌ အဖြစ် ဖရူဆိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရီးချက်၊ အတွင်း ရေးမှူးအဖြစ် မဲ့စဲ့မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းထွန်း၊ အဖွဲ့ဝင် များအဖြစ် စီမံကိန်းရေးဆွဲရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး အငြိမ်းစား ဦးကျော်လွင်၊ ဦးတင်ဌေ (ဆန်စက်လုပ်ငန်း)၊ ဦးမောင်မောင်ယု (တရားရုံးချုပ်ရှေ့နေ)၊ ဒုတိယ ရဲမှူး အငြိမ်းစား ဦးကျော်ထွန်းနှင့် ကယားပြည်နယ် စာရင်းရုံးမှ ညွှန်ကြားရေးမှူး ဦးကြည်တို့ဖြစ် ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ် လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ် လွှတ်တော် တိုင်းရင်းသားလူမျိုး များ အရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၃)ဦးနှင့် သင့်လျော် သည့် နိုင်ငံသား (၄)ဦး စုစုပေါင်း (၇)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌ အဖြစ် ကရင်ပြည်နယ် ပြည်သူ့ ကောင်စီဥက္ကဋ္ဌအငြိမ်းစား ဦးစော အောင်ပွင့်၊ အတွင်းရေးမှူးအဖြစ် ကရင်ပြည်နယ်ဥပဒေရုံးမှ ပြည်နယ် ဥပဒေအရာရှိ ဦးအောင်ကျော်လင်း၊ အဖွဲ့ဝင်များအဖြစ် လှိုင်းဘွဲ့မြို့နယ်

ဆန်း၊ အတွင်းရေးမှူးအဖြစ် လှိုင်းဘွဲ့ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောရှားထွန်းဖောင်၊ အဖွဲ့ဝင်များ အဖြစ် သံတောင်ကြီးမြို့နယ် မဲဆန္ဒ နယ်အမှတ်(၂)မှ ဦးစောဂျေအောင်း မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီး မှူး အငြိမ်းစား ဒေါ်နန်းသန်းသန်း လွင်၊ ပညာရေးဝန်ထမ်းအငြိမ်းစား ဦးခွန်မင်းအောင်၊ ဦးမြစိုး(ရပ်မိ

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦးနှင့် သင့်လျော်သည့် နိုင်ငံသား (၇)ဦး စုစုပေါင်း (၉)ဦးဖြင့် ဖွဲ့စည်း မည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဗမာ တိုင်းရင်းသားကိုယ်စားလှယ် ဦးစိန် ဦး၊ အတွင်းရေးမှူးအဖြစ် ဖာဆောင်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောကိုဒီ၊ အဖွဲ့ဝင်များအဖြစ် ဦးခီးရယ် (လယ်ယာလုပ်ငန်း)၊ ဦးအန်တရေးရ(မီး) (လယ်ယာ လုပ်ငန်း)၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး အငြိမ်းစား ဦးစိုင်း ခမ်းဝင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကထိက အငြိမ်းစား ဒေါ်သန်း သန်းတင်(ခ) ဒေါ်ဂျီးနာ၊ ဦးခွန် မောင်ကြီး(လယ်ယာလုပ်ငန်း)၊ ဦးလူ ရယ်ဘိုးလူ(ကုန်သည်)နှင့် လွိုင်ကော် တက္ကသိုလ် ရုံးအုပ်အငြိမ်းစား ဦးဂျေကလက်တို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထား ချက်တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမင်း အောင်လင်း၊ ဦးမောင်ပု(ခ) ဦးကျော် ဝင်း(တရားရုံးချုပ်ရှေ့နေ)၊ ဦးခင်စည် (တရားရုံးချုပ်ရှေ့နေ)၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးထွန်းထွန်းဦး နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဇော်မင်းထွန်းတို့ ဖြစ် ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ် လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ် လွှတ်တော် တိုင်းရင်းသားလူမျိုး များ အရေးဆိုင်ရာကော်မတီကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၃)ဦးနှင့် သင့်လျော်သည့်နိုင်ငံသား (၄)ဦး စုစုပေါင်း (၇)ဦးဖြင့်ဖွဲ့စည်း မည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဖာပွန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပဒိုဦးအောင် ရပ်ဖ)နှင့် ပညာရေးဝန်ထမ်းအငြိမ်း စား ဦးမင်းအောင်ဝင်းတို့ ဖြစ် ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ် လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေးကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ်

ချင်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ် တော်ကိုယ်စားလှယ် (၅)ဦးနှင့် သင့်လျော်သည့် နိုင်ငံသား (၄)ဦး စုစုပေါင်း (၉)ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်း၊ ပါဝင်သင့်သည့်ပုဂ္ဂိုလ် များ၏ အမည်စာရင်းမှာ ကော်မတီ ဥက္ကဋ္ဌအဖြစ် ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနထန်း၊

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဆန်း၊ အတွင်းရေးမှူးအဖြစ် လှိုင်းဘွဲ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောရှားထွန်းဖောင်၊ အဖွဲ့ဝင်များအဖြစ် သံတောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောဂျေအောင်းမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး အငြိမ်းစား ဒေါ်နန်းသန်းသန်းလွင်၊ ပညာရေးဝန်ထမ်းအငြိမ်းစား ဦးခွန်မင်းအောင်၊ ဦးမြစိုး(ရပ်မိရပ်ဖ)နှင့် ပညာရေးဝန်ထမ်းအငြိမ်းစား ဦးမင်းအောင်ဝင်းတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ်

ချင်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅)ဦးနှင့် သင့်လျော်သည့် နိုင်ငံသား (၄)ဦး စုစုပေါင်း (၉)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနထန်း၊ အတွင်းရေးမှူးအဖြစ် ဟားခါး မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချန်ပွန်၊ အဖွဲ့ဝင်များအဖြစ် ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကွီးထန်း၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလာလ်မောင်ကျုံး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး ညီညီဦး၊ ချင်းပြည်နယ် ဥပဒေရုံးမှ ပြည်နယ်ဥပဒေအရာရှိ ဦးခွထီးယို၊ ပြည်နယ်စာရင်းရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်လှိုင်စိုး၊ မြို့နယ်ဆရာဝန်အငြိမ်းစား ဒေါက်တာမှုထန်နှင့် လက်ထောက်ပြည်နယ်ပညာရေးမှူးအငြိမ်းစား ဦးမြင့်ဆွေတို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက် တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆)ဦးနှင့် သင့်လျော်သည့်နိုင်ငံသား (၃)ဦး စုစုပေါင်း (၉)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇမ်းကျင့်ပေါ်(ခ) ဦးဇိုဇမ်း၊ အတွင်းရေးမှူးအဖြစ် ပလက်ဝ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးနန်းဆိုက်၊ အဖွဲ့ဝင်များအဖြစ် မတူပီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဗန်ကျင်း၊ ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကီးထန်းလွန်း၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရိုဘင်၊ ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးနိုးဆွန်၊ ပြည်နယ်ယဉ်ကျေးမှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအွန်ခန့်ကပ်၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူး အငြိမ်းစား ဒေါက်တာထပ်မန်းနှင့် ဦးအောင်ထန်း (မတူပီမြို့နယ် မြို့မိမြို့ဖ)တို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်း ဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၇)ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစန်းမောင်၊ အတွင်းရေးမှူးအဖြစ် မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင့်လှိုင်မြင့်၊ အဖွဲ့ဝင်များအဖြစ် ရေဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးတင့်အောင်၊ ကသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိန်ထွန်း၊ ပုလဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင်ဆွေ၊ အရာတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောဦးထွန်းနှင့် ကောလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်မြင့်တို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုး များ အရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ်(၇)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ် ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ် များ၏ အမည်စာရင်းမှာ ကော်မတီ ဥက္ကဋ္ဌအဖြစ် ဗန်းမောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ရွှေ၊ အတွင်းရေးမှူးအဖြစ် မြောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်ရွှေ၊ အဖွဲ့ဝင်များအဖြစ် တမူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထန်းလျန်နှာ၊ လေရှီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ဝင်း၊ ခန္တီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြမောင်၊ ကောလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်သန်းဦးနှင့် ဖောင်းပြင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်မောင်ထွန်းတို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်း ဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၄)ဦးနှင့် သင့်လျော်သည့် နိုင်ငံသား (၁)ဦး စုစုပေါင်း (၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် လောင်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ထွေး၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသက်နိုင်၊ အဖွဲ့ဝင်များအဖြစ် ရေဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရွှေစန်း၊ သရက်ချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးထွေးနှင့် တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုဟန်တို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုး များအရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် သရက်ချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွေဝင်း၊ အတွင်းရေးမှူးအဖြစ် ဘုတ်ပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းအေး၊ အဖွဲ့ဝင်များအဖြစ် ကျွန်းစုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်စိုး၊ တနင်္သာရီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ဆန်းလွင်နှင့် ရေဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းမြင့်တို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၇ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသ ကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၈)ဦးနှင့် သင့်လျော်သည့် နိုင်ငံသား(၂)ဦး စုစုပေါင်း (၁၀)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်တင်မြင့်၊ အတွင်းရေးမှူးအဖြစ် အုတ်ဖိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှမြင့်၊ အဖွဲ့ဝင်များအဖြစ် ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှဖေ၊ နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင့်လွင်၊ ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိန်းဆွေ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ကျော်လင်း၊ ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးပိုင်၊ ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်နိုင်၊ တရားရုံးချုပ်ညွှန်ကြားရေးမှူးအငြိမ်းစား ဦးစိုးသိန်းနှင့် ပဲခူးတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး အငြိမ်းစား ဦးမြင့်ညိမ်းတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုး များအရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောလင်းအောင်၊ အတွင်းရေးမှူးအဖြစ် အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမြင့်၊ အဖွဲ့ဝင်များအဖြစ် ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မြင့်၊ လက်ပံတန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးအေးခိုင်၊ မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရဲထွဋ်အောင်၊ ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင့်အောင်နှင့် သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်စိုးတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်း ဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီကို တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇)ဦးနှင့် သင့်လျော်သည့် နိုင်ငံသား (၂)ဦး စုစုပေါင်း (၉)ဦးဖြင့် ဖွဲ့စည်း မည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် မကွေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဟန်မောင်၊ အတွင်းရေးမှူးအဖြစ် မြို့သစ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးချစ်သိန်း၊ အဖွဲ့ဝင်များအဖြစ် စလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမြိုင်၊ ငဖဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှပြုံး၊ ဆင်ပေါင်ဝဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်ငွေ၊ ရေစကြိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်မောင်ကျော်၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမိုးကျော်ထွန်း၊ မကွေးတိုင်းဒေသကြီး ဥပဒေရုံးမှ စာမျက်နှာ ၁၀ ကော်လံ ၁

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်ရွှေနှင့် မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်မြင့်တို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၉)ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီ ဥက္ကဋ္ဌအဖြစ် တောင်တွင်းကြီး မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်သိန်း၊ အတွင်းရေးမှူးအဖြစ် မင်းတုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းဇော်၊

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အဖွဲ့ဝင်များအဖြစ် ငဖဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ညွန့်၊ စေတုတ္တရာမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိန်လှိုင်၊ သရက်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါ်ယဉ်ယဉ်လှ၊ ဂန့်ဂေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမြင့်အောင်၊ ထီးလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းဆွေ၊ ဆောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဌေးလွင်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမင်းဟန်ဇော် တို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၇ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ချမ်းအေးသာစံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာကျော်လှ၊ အတွင်းရေးမှူးအဖြစ် ပြည်ကြီးတံခွန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းလွင်၊ အဖွဲ့ဝင်များအဖြစ် မတ္တရာမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးကိုလေး၊ မလှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရွှေနန်း၊ ညောင်ဦးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးဌေးလွင်၊ ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်မြင့်သိန်းနှင့် နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဖေတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီ ဥက္ကဋ္ဌအဖြစ် ပြည်ကြီးတံခွန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသိန်းလှ၊ အတွင်းရေးမှူးအဖြစ် ငါန်းဇွန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးမြတ်သူ၊ အဖွဲ့ဝင်များအဖြစ် မိုးကုတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးဂုန်ဂိုလျှန်၊ စဉ့်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညီညီနှင့် သာစည်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးမိုးမြင့်သိန်းတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀နာရီ ၁၀မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မွန်ပြည်နယ်

မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၅)ဦးနှင့် သင့်လျော်သည့် နိုင်ငံသား (၄) ဦး စုစုပေါင်း (၉)ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌ အဖြစ် ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးစိန်မြင့်၊ အတွင်းရေးမှူးအဖြစ် သထုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသိန်းဇော်၊ အဖွဲ့ဝင်များအဖြစ် ပေါင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမောင်လန်း၊ ပေါင် မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချမ်းမြင့်၊ ရေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမင်းသိန်းဟန်၊ ဦးကျော်မြင့်(လယ်ယာလုပ်ငန်း)၊ မြို့နယ် ဆရာဝန် အငြိမ်းစား ဒေါက်တာအောင်ကျော်ထွန်း၊ ပြည်နယ်ဥပဒေအရာရှိ အငြိမ်းစား ဦးသန်းရွှေနှင့် ဦးမောင်မောင်သန်း (တရားရုံးချုပ်ရှေ့နေ) တို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၅)ဦးနှင့် သင့်လျော်သည့် နိုင်ငံသား(၄)ဦး စုစုပေါင်း (၉) ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌ အဖြစ် ကျိုက်မရောမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးလှထွန်း၊ အတွင်းရေးမှူးအဖြစ် ကျိုက်မရောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစံတင်၊ အဖွဲ့ဝင်များအဖြစ် ချောင်းဆုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်နိုင်ဦး၊ သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးနိုင်ဦး၊ ဦးဇော်မြင့်(ကုန်သည်)၊ မွေးမြူရေးနှင့် ကုသရေးဆရာဝန် အငြိမ်းစား ဦးမျိုးချစ်၊ သမဝါယမ ဦးစီးအရာရှိ အငြိမ်းစား ဦးဘချစ်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ညွှန်ကြားရေးမှူး အငြိမ်းစား ဦးစိုးထင်နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးလှမိုးသိန်းတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာ ထားချက်တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃)ဦးနှင့် သင့်လျော်သည့် နိုင်ငံသား (၂)ဦး စုစုပေါင်း (၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် သံတွဲမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအောင်နိုင်ဦး၊ အတွင်းရေးမှူးအဖြစ် မောင်တောမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇာဟိန်ဂိရ်(ခ) ဦးအောင်မျိုးမင်း၊ အဖွဲ့ဝင်များအဖြစ် ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးမင်း (ခ) ဦးဘိုးမင်း၊ တရားရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး အငြိမ်းစား ဦးကျော်သာနှင့် ဒုတိယပြည်နယ် ဥပဒေအရာရှိ အငြိမ်းစား ဦးမောင်သာလှတို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ် လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် (၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် အမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်အောင်၊ အတွင်းရေးမှူးအဖြစ် တောင်ကုတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်သန်းစိန်၊ အဖွဲ့ဝင်များအဖြစ် စစ်တွေမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအောင်မြကျော်၊ မာန်အောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ကြီးနှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်းတို့ ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် (၉)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌ အဖြစ် ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှထွန်း၊ အတွင်းရေးမှူးအဖြစ် လမ်းမတော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝင်းနိုင်(ခ) ဝင်းနိုင်ဦး၊ အဖွဲ့ဝင်များအဖြစ် ဒလမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသန်းလှိုင်၊ တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးသိန်း၊ လသာမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးနန်းညွန့်ဝင်းမော်၊ တွံတေး မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသိန်းဇော်မြင့်၊ လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းနိုင်၊ သန်လျင်မြို့နယ် မဲဆန္ဒနယ်

စာမျက်နှာ ၁၁ ကော်လံ ၁သို့

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

အမှတ်(၁)မှ ဦးအောင်သန်းဦးနှင့် ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ကြည်ကြည်မာတို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၉) ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်တိုင်းရင်းသားကိုယ်စားလှယ် ဦးစောထွန်းအောင်မြင့်၊ အတွင်းရေးမှူးအဖြစ် ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်မောင်ဝင်း၊ အဖွဲ့ဝင်များအဖြစ် အင်းစိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောဆန်နီချမ်း၊ ရခိုင်တိုင်းရင်းသားကိုယ်စားလှယ် ဦးဇော်အေးမောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာခင်မောင်ထွန်း၊ တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝင်းထိန်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောလှထွန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ထူး(ခ) ဦးကိုကိုနှင့် ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေသန်းနွယ်တို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁၀)ဦးနှင့် သင့်လျော်သည့် နိုင်ငံသား(၁)ဦး စုစုပေါင်း (၁၁)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းနု၊ အတွင်းရေးမှူးအဖြစ် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်၊ အဖွဲ့ဝင်များအဖြစ် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ကြည်ဝင်း၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြ၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြတ်စိုး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဘဦး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားဖာ၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းငွေငွေ၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်ဇော်ဝင်းနှင့် ဥပဒေအရာရှိ အငြိမ်းစား ဦးတင်ဦးတို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက် တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း၊ အတွင်းရေးမှူးအဖြစ် နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဦး၊ အဖွဲ့ဝင်များအဖြစ် မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကိန်မိုင်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမောရှည်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်မေထွန်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဦးထွန်းအောင်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦး၊ လားရှိုးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းကြူနှင့် မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောလုံတို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၉)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် မြောင်းမြမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပြုံးချို၊ အတွင်းရေးမှူးအဖြစ် ဓနုဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနိုင်ဝင်း၊ အဖွဲ့ဝင်များအဖြစ် ကြံခင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးပိုင်၊ ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းနိုင်၊ မော်လမြိုင်ကျွန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအောင်ဇော်လှိုင်၊ ဘိုကလေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမျိုးဝင်း၊ ရေကြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသောင်းဟန်၊ ပုသိမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာခင်ခင်စီနှင့် လပွတ္တာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထိန်လင်းတို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၉)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပါဝင်သင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ခင်စောမူ၊ အတွင်းရေးမှူးအဖြစ် အင်္ဂပူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြတ်စိုး၊ အဖွဲ့ဝင်များအဖြစ် သာပေါင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစောလေးထော၊ ဟင်္သာတမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာသိမ်းစိုး၊ အိမ်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငြိမ်းရွှေ၊ မြန်အောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ဝင်းဆွေ၊ ဖျာပုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဝင်းဖိုလ်၊ ဝါးခယ်မမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်လွင်နှင့် ပန်းတနော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးငြိမ်းမြိုင်တို့ဖြစ်ကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်တို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

အမည်စာရင်းပေးပို့

တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက တင်ပြသော ကော်မတီ (၂)ရပ်ဖွဲ့စည်းရာ၌ ပါဝင်သင့်သည့် ကော်မတီဝင်ဦးရေ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မတ် ၃ ရက်နေ့တွင် ဆက်လက်ကျင်းပမည့် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အစည်းအဝေးအသီးသီး၌ ဆွေးနွေးနိုင်ကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များသည် ယနေ့ညနေပိုင်းတွင် သက်ဆိုင်ရာလွှတ်တော်ရုံးသို့ အမည်စာရင်းပေးပို့ရန် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒသမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ရွှေနေချုပ်ရုံးဓမ္မာရုံ၌ ဖွင့်လှစ်မည်

ရန်ကုန် မတ် ၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း(၂)လမ်းထောင့်ရှိ ရွှေနေချုပ်ရုံးဓမ္မာရုံ၌ ရွှေနေချုပ်ရုံး၊ ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းက ကြီးမှူး၍ အသက် ကိုးနှစ်မှ ၁၄ နှစ်အရွယ် ကျောင်းသားလူငယ်များအတွက် ဒသမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၂၃ ရက်မှ ဧပြီ ၇ ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ ဓမ္မဒါနအဖြစ်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ကျောင်းသားလူငယ်များ၏ မိဘ၊ အုပ်ထိန်းသူတို့သည် မတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင်လည်းကောင်း၊ မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်လည်းကောင်း မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း ဓာတ်ပုံ နှစ်ပုံ၊ အိမ်ထောင်စုစာရင်း သို့မဟုတ် မှတ်ပုံတင်မိတ္တူတို့နှင့်အတူ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဖုန်း- ၂၅၂၅၀၄ နှင့် ၃၈၄၂၉၀တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

နေပြည်တော်/ဓနုဖြူမြို့ မြို့မဈေးမီးဘေးကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၀ ရက်က မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်လွန်းအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းကြည်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် မိုးညှင်းမြို့နယ်ရှိ ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် အမြင့်တင်ရေစင်နှင့် ရေလှောင်ကန်၊ မီးသတ်ရေငုတ်များကို ဖေဖော်ဝါရီ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးဝင်းဦးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၆ ရက်က သရုပ်ပြလေ့ကျင့်မှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဉာဏ်စိုး၊ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ဝ၇၁)

တိုက်ကြီးမြို့နယ် အဖျောက်မြို့ မြို့မဈေးကြီး၌ မီးငြိမ်းသတ်ရေး ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က အဖျောက်စည်ပင်ရုံးခွဲတာဝန်ခံ ဒုတိယဦးစီးမှူးဦးစိန်လှိုင်နှင့်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးဦးလှဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရွှေကူမြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၈ရက်က မီးသတ်ဆေးဘူးအသုံးပြုပုံ လေ့ကျင့်သရုပ်ပြသရာ မြို့နယ်ဥက္ကဋ္ဌဦးညီညီ၊ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူးဦးတင်မောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ နိုင်ငံတကာနှင့် တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေရန် ကြိုးပမ်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးရပ်တည်ချက်၊ အမျိုးသားရေး အကျိုးစီးပွားနှင့် အမျိုးသားရေးလက္ခဏာများ တိမ်းပါးယိုယွင်းမသွားအောင် သတိနှင့်ယှဉ်ပြီးထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် မတ် ၁

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၅) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက အမှာစကားပြောကြားရာတွင် ယနေ့ကာလ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် ပညာရေးကို ဗဟိုပြုပြီး လူ့ဘောင်အဖွဲ့အစည်း၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုကို စွမ်းဆောင်နေသည့် ပညာခေတ်သို့ ကူးပြောင်းနေချိန်ဖြစ်၍ မိမိတို့လူ့အဖွဲ့အစည်းကိုလည်း ပညာရေးကို မဏ္ဍိုင်ပြုပြီး တည်ဆောက်သွားမှသာ အနာဂတ် နိုင်ငံတော်ကြီး ရေရှည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်မည် ဖြစ်ကြောင်း။

အကောင်အထည်ဖော်

ယခုကဲ့သို့ သိပ္ပံနှင့်နည်းပညာက ဦးဆောင်ပြီး အစစအရာရာ ပြောင်းလဲတိုးတက်နေသည့် အချိန်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံသူနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အခြေခံကောင်းများနှင့်အတူ အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးသည် ပဓာနကျသော လိုအပ်ချက် တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားများ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးတို့အတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရှည်စီမံကိန်းကို ဦးတည်ချက်(၁၂)ရပ်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ ချမှတ်ထားသည့် အဆင့်မြင့်ပညာကဏ္ဍ ဦးတည်ချက်များကို အောင်မြင်စေရန် ဖော်ဆောင်ရင်း မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်း၏ ရှိရင်းစွဲအခြေခံကောင်းများကို နိုင်ငံတကာအဆင့်မီ ပညာလွှမ်းမိုးသော လူ့အဖွဲ့အစည်းအဖြစ် မြှင့်တင်ပြီး တစ်ချိန်တည်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ရေရှည်ဖြစ်ထွန်းနေစေရန် ပညာရေးကဏ္ဍက အထောက်အကူပြုဖော်ဆောင်သွားကြရမှာ ဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၊ မိမိလူမျိုးရှင်သန်ရပ်တည်နိုင်ရေးအတွက် အချိန်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်နေကြသည့်မြင်ကွင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာရပ်များ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၏ တိုးတက်ပြောင်းလဲမှုနှင့်ယှဉ်ပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေချိန်တွင် ယခုကဲ့သို့ ခေတ်မီသိပ္ပံနှင့် နည်းပညာတိုးတက်မှုများဖြင့် တစ်ပြေးညီလိုက်ပါနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်သကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးရပ်တည်ချက်၊ အမျိုးသားရေးအကျိုးစီးပွားနှင့် အမျိုးသားရေးလက္ခဏာများ တိမ်းပါးယိုယွင်းမသွားစေရန် သတိနှင့်ယှဉ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရမည့် အချိန်အခါလည်း ဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံတွင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ နိုင်ငံတကာနှင့် တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေရန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားများပြားပေါ်ထွန်းစေရန် ကြိုးစားအားထုတ်သွားကြရမည် ဖြစ်ကြောင်း၊ ထို့အပြင် မျက်မှောက်ကာလအတွက်သာမက အနာဂတ်ကိုပါ မျှော်မှန်းသည့် သိပ္ပံနှင့်နည်းပညာရပ်များ၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ကျွမ်းကျင်ထက်မြက်ကြသော ပညာရှင်များ ထုထည်ပမာဏကြီးမားစွာ ဖြစ်ထွန်းလာစေရန် ကြိုတင်မျှော်မှန်း ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

တစ်ချိန်တည်းမှာပင် နှိုင်းဆချင့်ချိန် တွေးခေါ်မြော်မြင်နိုင်မှု၊ ဆင်ခြင်တုံတရားမြင့်မားမှု၊ စိတ်ဓာတ်ရေးရာ စွမ်းအားခိုင်မာမှု၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်မှု အရည်အသွေးကောင်းများ ပြည့်စုံသည့် အသိပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

“ပညာရေးကဏ္ဍသည် အမျိုးသားရေးလက္ခဏာနှင့် အစဉ်ယှဉ်တွဲနေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အမျိုးသားစီးပွားရေးစွမ်းအင် ဖွံ့ဖြိုးရေးသည်လည်း အမျိုးသားပညာရည် တိုးတက်မြင့်မားမှုအပေါ်တွင် တည်မှီနေမည်”ဟု မိန့်ကြားခဲ့ကြောင်း။

ပြုစုပျိုးထောင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအနေဖြင့် မိမိတို့တပည့်များကို အမျိုးသားစီးပွားရေးစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်မည့် အရည်အချင်း အရည်အသွေး မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်ပေးသည်သာမက အမျိုးဂုဏ်၊ ဇာတိဂုဏ်ထက်သန်ပြီး ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်စေရန် အမျိုးသားပညာရည်မြင့်မားမှုမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၅) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက္ကသိုလ်နှင့်ကောလိပ် ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ ၅၃၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့် မည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ကမ္မဘဝ** ရှင်းတမ်း တရားတော် (ဆရာတော်ဦးဃောသိတ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၀)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၇)
- ၈:၄၀ အရှေ့လယ်တီ စိန်ရတုချီ ဗုဒ္ဓပူဇနိယမင်္ဂလာမှသည်…
- ၈:၅၅ ILBC Arts & Science Fair (2011)
- ၉:၀၅ မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ (၄၈)ကြိမ်မြောက်အသင်း တည်ထောင်ခြင်းရွှေရတု နှစ်ပတ်လည်အခမ်းအနား
- ၉:၂၀ အားကစားမြင်ကွင်းစုံ (လူပြောများတဲ့ဘောလုံးပွဲ) (အကြည်တော်၊ အရီး၊ ဝေမင်းမောင်)
- ၉:၅၀ ရဲယိုနှင့်ကျန်းမာရေး
- ၁၀:၁၀ Industrial Talk ဒေါက်တာ တိုးအောင်၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)
- ၁၀:၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (ရတနာမိုင်)
- ၁၁:၀၅ သင်ယူလေ့လာဂီတပညာ (DYNAMICS) (Part -12)
- ၁၁:၁၀ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန်(၂) (ကလေးများနှင့် ကင်ဆာရောဂါ)
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
- ၁၂:၂၅ တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
- ၁:၀၀ **ပဋ္ဌိစ္စသမုပ္ပါဒ်နှင့်ကမ္မဘဝ** ရှင်းတမ်း တရားတော် (ဆရာတော်ဦးဃောသိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း (ကဂျီကချောင်ကျတာကောင်းတယ်၊ ကဂျီကချောင်မကျတာကောင်းတယ်)
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၀)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၇)
- ၄:၅၅ အမိသို့ထွေး၍ပညာအလင်းတို့ ဖြန့်ဝေရာအမေ့အိမ်အဆင့်မြင့် ပညာရေးဘော်ဒါ
- ၅:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Strategy First IDEA Showease 2011)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရာစုသစ်ဗိသုကာလက်ရာများနှင့် ပျော်ရွှင်ဈေးဝယ်စရာ တော်ဝင်စင်တာ
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၃၁)
- ၇:၂၀ Cartoon Show Time (Meganind 3D)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (မလိခလမ်းကသဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
- ၉:၀၀ Celebrity Style (ဇေယျ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၈)
- ၁၀:၁၀ ဘဝများ (ခင်စန်းဝင်း)
- ၁၀:၃၅ ပန်းတိုင်အထွက်တိုးစေဖို့… နွေနှမ်းစိုက်ကြစို့
- ၁၀:၅၀ Box Office Movies (Watch Man)
- ၁၁:၁၅ သွေးတိုး၊ ဆီးချိုအကြောင်း သိကောင်းစရာတိုင်းရင်းဆေးပညာ
- ၁၁:၃၀ Shooting Location (ခင်ယုမေအိမ်)
- ၁၁:၄၅ လေ့ကားသုံးထစ်ဆင်းတဲ့အခါ မင်းသူ၊ အရိုင်း၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၁၁:၅၅ World of Knowledge (Japanese Cowboy)
- ၁၂:၄၅ ယွန်းဖြစ်တည်ရာကျောက္ကာရွာ
- ၁၂:၅၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ယုံးယုံးနှင့် တွေ့ဆုံခြင်း)
- ၁:၁၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
- ၁:၂၅ စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
- ၁:၅၀ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
- ၂:၀၅ လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
- ၂:၃၅ မြန်မာစာ၊ မြန်မာစကား
- ၂:၅၀ သက်ကြီးမသန်စွမ်းကျောင်း၏ သက်မွေးမှုပညာရပ်များ
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင်စတား ဆွယ်တာလုပ်ငန်း
- ၄:၂၅ သာယာစိုပြည်ကြံခင်းမြေ
- ၄:၃၅ စကားဝါမြေမှ မေတ္တာရှင် ဇီဝိတဒါနအာရောဂျသာလာ သံဃာ့ဆေးရုံ
- ၄:၅၀ ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Arsenal -Leyton	ESPN (Live)
	Man City-Aston Villa	STAR SPORTS (Live)

မွန်ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂၈

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးညီညီထွေးက အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးမောင်ချစ်က(၂၀၀၇-၂၀၁၁)လေးနှစ်သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ ဖွဲ့စည်းပုံစည်းမျဉ်း၊ စည်းကမ်းပါ သတ်မှတ်ချက်များနှင့်အညီ အဖွဲ့အစည်းမှ ဆောင်ရွက်လျက်ရှိသော စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်း၊စည်းကမ်းသတ်မှတ်ချက်များနှင့်အဖွဲ့ဝင် ယာဉ်ပိုင်ရှင်၊ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ သာရေး၊ နာရေးနှင့် လူမှုရေးဆိုင်ရာဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ (**အပေါ်ပုံ**) တက်ရောက်လာသည့် မြို့နယ်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အမှုဆောင်အဖွဲ့ဝင်များက ဆွေးနွေးညှိနှိုင်းကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။ (၁၀၇)

ပျော်ဘွယ်၌ နေကြာနှင့် ကုလားပဲ သီးညှပ်စိုက်ပျိုး

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၈

ရမည်းသင်းခရိုင် ဥက္ကဋ္ဌ ဦးထူးလွင်သည် ခရိုင်စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်အောင်ဆန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုအဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက်က ပျော်ဘွယ်မြို့နယ် ကန်သာကျေးရွာအုပ်စု ညောင်နီပင်ကျေးရွာ ကွင်းအမှတ်(၁၉၃)တွင် ဧရိယာ ၁၆ ဒသမ ၁၅ ဧကတွင်စိုက်ပျိုးထားရှိသော နေကြာနှင့်ကုလားပဲသီးညှပ် စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမျိုးမင်းက နေကြာနှင့် ကုလားပဲ သီးညှပ်စိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရမည်းသင်းခရိုင် ဥက္ကဋ္ဌ ဦးထူးလွင်က စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေး၊ သီးနှံစိုက်ဧကအား တိုးတက်ရေးအတွက် တောင်သူများအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၈

တောင်တွင်းကြီး မြို့နယ်အသင်း (ရန်ကုန်)၏ (၂၂)ကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ စွယ်တော်မြတ်စေတီဝင်းအတွင်းရှိ ဝိဇ္ဇာစရဏသမ္ပန္နော အသင်းဓမ္မာရုံ၌ ကျင်းပသည်။

ပူဇော်ကန်တော့

ဆက်လက်၍ဒုတိယဥက္ကဋ္ဌဦးကျော်စိုးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ် အနှစ်ချုပ်၊ ဘဏ္ဍာရေးမှူးဒေါ်မိမိခိုင်ကငွေစာရင်းရှင်းတမ်းကိုတင်ပြပြီး အသင်းသူအသင်းသားများက အသင်းဝင် သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း)ကတက္ကသိုလ်ဝင်စာမေးပွဲ ဘာသာစုံဂုဏ်ထူးရှင် မောင်ထက်သီဟဇော်နှင့် အမှုဆောင်များက ကျန်ဂုဏ်ထူးရှင်များအား ဆုချီးမြှင့်ပြီး (**အပေါ်ပုံ**) နာယကသစ် ၁၅ ဦးနှင့် အမှုဆောင်သစ် ၂၂ ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရှိရသည်။ (၂၁၂)

ကျောက်တံခါးမြို့၌ ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကျင်းပ

ကျောက်တံခါး ဖေဖော်ဝါရီ ၂၈

ကျောက်တံခါးမြို့ ဦးစံကျော်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါလမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။ အဆိုပါကတ္တရာထပ်ပိုးလွှာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အမှုဆောင်အရာရှိ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (**အောက်ပုံ**)

ကတ္တရာထပ်ပိုးလွှာခင်း

ယင်းလမ်းကို ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၈၂ ဒသမ ၂ သိန်းဖြင့် လမ်းအရှည် ပေ ၁၀၀၀ ၊ အကျယ် ၁၂ ပေကို ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (**မြို့နယ်စည်ပင်**)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောဝိုင်း-သွေးသောက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးတင်ကိုကို ရှင်းလင်းတင်ပြစဉ်။ (၁၀၇)

ပန်းဆွန် စာကြည့်တိုက်သစ် ဒေါ့ပုန်းယန်၌ ဖွင့်

ဒေါ့ပုန်းယန် ဖေဖော်ဝါရီ ၂၈

ဗန်းမော်ခရိုင် ဒေါ့ပုန်းယန်မြို့နယ် လဂျားယန်ကျေးရွာ၌ ပန်းဆွန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်၊ ပရိဘောဂ၊ စာနယ်ဇင်း၊ မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ခင်မမအောင်မိသားစုက ၁၄ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက် တစ်လုံး၊ ငွေပဒေသာပင်အတွက် မြစ်ကြီးနား အကောက်ခွန်ဦးစီးဌာနမှ ငွေကျပ် ၁၀၀၀၀၀၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ပြည်သူများက ငွေကျပ် ၁၀၆၀၀၀ ကိုလည်းကောင်း၊ မြေစာရင်းဦးစီးဌာနက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ နံရံကပ် ဗီရို၊ တီဗွီတင်စင်တို့ကို လည်းကောင်း၊ လဂျားယန်မူးယစ်အဖွဲ့နှင့် လူကုန်ကူးမှုတားဆီးရေးအဖွဲ့တို့က တိုင်ကပ်နာရီနှစ်လုံး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင် ၁၂၉ အုပ်၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက ငွေကျပ် ၆၅၀၀၀ တန်ဖိုးရှိ စာနယ်ဇင်းအုပ်ရေ ၁၀၀၊ ဒေါ်သန်းတင်က ရေဒီယိုတစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူပြီး ကျေးရွာဥက္ကဋ္ဌ ဦးဇော်မိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

နိုင်ငံတော်မတည်ငွေနှင့် ပြည်သူများလှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၂၅ သိန်းဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော စာကြည့်တိုက်အဆောက်အအုံသစ်ကို ဒေသခံတပ်နယ်မှ ဗိုလ်ကြီးကျော်ထင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်မိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျိုက်ပိတိုက်နယ်ဆေးရုံ သားဖွားဆောင်သစ်လွှဲအပ်

မော်လမြိုင် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပြင်သစ်နိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း ဆောက်လုပ်လှူဒါန်းသော မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိတိုက်နယ်ပြည်သူ့ဆေးရုံ သားဖွားဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ယင်းဆေးရုံဝင်း၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကြက်ခြေနီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေ တက်ရောက် အမှာစကားပြောကြားကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်

အဆိုပါအခမ်းအနားကို အမှုဆောင်အဖွဲ့ဝင် ဒေါက်တာထွန်းမြင့်၊ နာဂစ်လေဘေးပြန်လည်ထူထောင်ရေးစီမံကိန်းလုပ်ငန်းမန်နေဂျာ ဒေါက်တာဖုန်းမြင့်၊ ပြင်သစ်နိုင်ငံ ကြက်ခြေနီအသင်းမှ Mr. Aaron Brent ၊ မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးမှူးဒေါက်တာမျိုးသန့်၊ ကျိုက်ပိတိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံကြက်ခြေနီအသင်းဝင် ဝန်ထမ်းများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေက ကျိုက်ပိတိုက်နယ်ဆေးရုံအုပ်ထံသို့ သားဖွားဆောင်သစ်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၅၃၇)

ကျောက်တံခါး၌ ကလေးသုံးမြွှာပူးမွေး

ကျောက်တံခါး ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၁၈ ရက်က ကျောက်တံခါးမြို့နယ် ဒိုးတန်းကျေးရွာမှ မွေးလူနာ မနန်းစန္ဒာအေးအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သိန်းထွန်း၊ လက်ထောက် ဆရာဝန် ဒေါက်တာ ရည်မွန်နှင့် ဆရာ ဆရာမများက ကလေးသုံးမြွှာပူးကို အောင်မြင်စွာမွေးဖွားပေးခဲ့သည်။ (**အပေါ်ပုံ**)

၄င်းကလေးများမှာ ယောကျ်ားလေး နှစ်ဦး၊ မိန်းကလေးတစ်ဦးဖြစ်ပြီး ကိုယ်အလေးချိန်များမှာ သုံးပေါင် တစ်ဦး၊ ငါးပေါင် နှစ်ဦးဖြစ်ကြောင်းသိရှိရသည်။ (၀၆၂)

တိုင်းရင်းဆေးကုဌာနများသို့ တိုင်းရင်းဆေးဝါးများလှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်းရင်းဆေးရုံကြီးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် တိုင်းရင်းဆေးကုဌာနများသို့ ယူနီစန်မိသားစုက တိုင်းရင်းဆေးဝါးများ လှူဒါန်းပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းရင်းဆေးရုံကြီးနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနများသို့ တိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက ဆေးဝါးများကို လက်ခံယူကြသည်။

အခမ်းအနားတွင် ဦးတင်ဆွေ-ဒေါ်ခင်သန်း (ယူနီစန်) မိသားစုက တိုင်းရင်းဆေးကုဌာနသုံး ဆေးအမျိုးအစား ၂၀၊ ဆေးပိသာချိန် ၂၂၀၀၊ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၂၂၀ဖိုး လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၀၄၇)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ပြည် ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တိုင်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပြည်တက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က သီတာခန်းမ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် လက်ထောက်ကထိက ရုက္ခဗေဒဌာနမှ ဒေါ်ထက်ထက်ငြိမ်းက ဆောင်ရွက်ပြီး ပြည်တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့မှ ရဲမှူးသန်းငွေက မူးယစ်ဆေးဝါး အန္တရာယ်နှင့် လူကုန်ကူးမှု အန္တရာယ်တို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းထွန်းက ယာဉ်တိုက်မှု အန္တရာယ်လျော့ကျရေး စည်းကမ်းနည်းဥပဒေများကို လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးချိုကြီးက သိသင့်သိထိုက်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ယာဉ်မောင်းလိုင်စင် အမျိုးအစားတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူးမြတ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လမ်းစည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေများကို လည်းကောင်း၊ ပရိုဂျက်တာများဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၅၇)

မြို့နယ်သတင်းထွေတလာ

ရွှေအုန်းပင်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ဒီပဲယင်း ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အုန်းတပင်ကျေးရွာ၌ နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်သည့် ရွှေအုန်းပင် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၀ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးအောင်လင်း၊ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မှု ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူးဦးချစ်စန်းကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအောင်လင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မာရေးနှင့်စာပေအသိအမြင်ကြွယ်ဝရေးတို့ကို ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါင်မြို့နယ် ကျွဲခြံကျေးရွာ ကရင်စုပိုင်း ပညာဓမ္မမာန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ စာကြည့်တိုက်ကို ပေါင်မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်အောင်ငွေ၊ သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်နှင့် ကျွဲခြံကျေးရွာဥက္ကဋ္ဌ ဦးမြသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၇၆)

မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်

ကွန်ဟိန်း ဖေဖော်ဝါရီ ၂၈

ကွန်ဟိန်းမြို့နယ်၌ မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျင်းပခဲ့

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြပြီး ယင်းအခမ်းအနားအပြီးတွင် ကွန်ဟိန်းမြို့ အမှတ်(၂)ရပ်ကွက် ဘောလုံးကွင်း၌ မီးသတ်ယာဉ်ရေပက်ဖျန်းမှု သရုပ်ပြပွဲကို ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ရေး မိုးညှင်းမြို့၌ အသိပညာပေးဟောပြော

မိုးညှင်း ဖေဖော်ဝါရီ ၂၈

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂ရက်က ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဝင်းဦးက ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းသိမှတ်စရာများကို လည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းလှိုင်က ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြောကြသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ အသား၊ ဥ ရောင်းသူများ တက်ရောက်ပြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်ရေး လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြောင်း သိရှိရသည်။ (၀၀၂)

စိုက်ပျိုးရေးဒီပလိုမာသင်တန်းကျောင်း မြိတ်မြို့၌ ဖွင့်လှစ်

မြိတ် ဖေဖော်ဝါရီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဌာန(နှစ်ရှည်ပင်လုပ်ငန်း) နှစ်ရှည်သီးနှံ ရော်ဘာ၊ ဆီအုန်းအထူးပြု စိုက်ပျိုးရေး ဒီပလိုမာ သင်တန်းကျောင်းဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက်က မြိတ်မြို့နယ် ရွှေဒူးကျေးရွာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ရွှေဒူးခြံ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ တာဝန်ရှိသူများက နှစ်ရှည်သီးနှံ (ရော်ဘာ+ဆီအုန်း) အထူးပြု စိုက်ပျိုးရေး ဒီပလိုမာ သင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ သင်တန်းကို တစ်နှစ်လျှင် သင်တန်းသား ၅၀ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်နှစ် သတ်မှတ်ထား၍ သင်တန်းတက်ရောက်အောင်မြင်ပါက စိုက်ပျိုးရေးဒီပလိုမာ (ရော်ဘာ+ဆီအုန်းသီးနှံအထူးပြု)ဘွဲ့ကို အပ်နှင်းမည် ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ရေရှည်တည်တံ့ရေး အသိပညာပေးဟောပြော

မန္တလေး ဖေဖော်ဝါရီ ၂၈

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် စာကြည့်တိုက်ရေရှည်တည်တံ့ရေး အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မြို့သစ် ငါးရပ်ကွက်ရှိ သင်းရန့်(၁)စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလွင်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံအောင် စာငှားစနစ် ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်များ တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်းရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက မဂ္ဂဇင်းဂျာနယ်အုပ်ရေ ၂၀၀ ကို မြို့သစ် ငါးရပ်ကွက် ဥက္ကဋ္ဌ ဦးစိုးတင့်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဖွဲ့စည်း

ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများ မရှိဘဲ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်ထောင်စု၏ အကျိုးစီးပွားနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လုပ်ဆောင်ကြမည်

နေပြည်တော် မတ် ၁

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ၎င်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၄) ဦးရှိသည့်အနက် (၄၃၀) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၈ ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)